# ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (3-9-2014) (၇၉၅၂)


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

**မိုးရွာသွန်းမှု**

၂-၉-၂၀၁၄

| | | |
|---|---|---|
| လောင်းလုံ | ၅ ဒသမ ၄၃ | လက်မ |
| ချောင်းဆုံ | ၄ ဒသမ ၅၃ | လက်မ |
| ထားဝယ် | ၃ ဒသမ ၅၁ | လက်မ |
| ကော့သောင်း | ၃ ဒသမ ၀၃ | လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၈၇ | လက်မ |
| ကော့ကရိတ် | ၂ ဒသမ ၅၂ | လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိ

**ဖရန့်ဖတ် စက်တင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် နေပြည်တော်မှ ထွက်ခွာလာရာ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြပြီး စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးငွေးအောင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၅၅ မိနစ်တွင် စင်ကာပူလေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာရာ စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲတွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian - Ludwig Weber-Lortsch၊ ဂျာမနီနိုင်ငံသံတမန်ရေးရာဌာနမှ Mr. Volker Timmermann၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးနွယ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Frankfurter Hof ဟိုတယ်သို့ရောက်ရှိခဲ့ကြသည်။

**(သတင်းစဉ်)**



# သက်တမ်းတို အစေ့ထုတ်ပြောင်းမျိုးများစိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုးပွားလာတော့မည်

**ရပ်စောက် စက်တင်ဘာ ၂**

တောင်သူများ ဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စီပီရန်ကုန်ကုမ္ပဏီတို့ ပူးပေါင်းပြီး သက်တမ်းတိုအထွက်တိုး အစေ့ထုတ်ပြောင်းမျိုးများ စံပြကွက်ရိတ်သိမ်း သရုပ်ပြပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုပင်ဖြစ်ကျေးရွာ ကွင်းအမှတ်(၈၂) ပြောင်းစိုက်တောင်သူ ဦးချွန်၏ယာမြေတွင် စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးတိုးဝေ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခွန်သန်းထူး၊ စီပီရန်ကုန်ကုမ္ပဏီမန်နေဂျာတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ တောင်သူ ဦးချွန်က ပြောင်းစိုက်လာသည်မှာ ကြာပြီဖြစ်သော်လည်း အထွက်နှုန်းမကောင်းခြင်း၊ ဝင်ငွေမကောင်းခြင်းတို့နှင့် ကြုံတွေ့ရပြီး ယခုစီပီကုမ္ပဏီမှ ထုတ်လုပ်သည့် **စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

# ကူးစက်မြန်အီဘိုလာရောဂါပိုး လုံးဝမရှိကြောင်း စစ်ဆေးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ကူးစက်မြန် အီဘိုလာရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း ဆောင်ရွက်မှုအရ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာနှင့် ၎င်းနှင့် အနီးကပ်ထိတွေ့သူ လေးဦးတို့၏ ကျန်းမာရေးအခြေအနေမှာ လုံးဝကောင်းမွန်လျက်ရှိသည်။

၎င်းတို့ငါးဦး၏ ဓာတ်ခွဲနမူနာကို ကူးစက်မြန်အီဘိုလာရောဂါ ဟုတ် မဟုတ် အတည်ပြုနိုင်ရန် ဩဂုတ် ၂၉ ရက်တွင် ဂျာမနီနိုင်ငံ ဟန်းဘတ်မြို့ရှိ ဗိုင်းရပ်စ်ဇေဒဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ငါးဦးစလုံး၏ ဓာတ်ခွဲနမူနာတွင် ကူးစက်မြန်အီဘိုလာရောဂါပိုး လုံးဝမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

**ယနေ့မှာတိကာ**

ကချင်ပြည်နယ်အတွင်း မူလနေထိုင်ရာကျေးရွာများတွင် ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများအား ထောက်ပံ့

သတင်း စာမျက်နှာ » ၇

အင်းလေးကန်အတွင်း သဘာဝပစ္စည်းသုံး ကျွန်းမျောခရမ်းချဉ်စိုက်ခင်းများ ထူထောင်စိုက်ပျိုး

သတင်း စာမျက်နှာ » ၁၀



**ကြေးမုံ စာတည်း ရှုထောင့်** **၃-၉-၂၀၁၄၊ ဗုဒ္ဓဟူးနေ့**

## ယာဉ်စည်းကမ်း ကြိုးပမ်းထမ်းဆောင်

စီးပွားရေးမြို့တော် မဟာရန်ကုန်တွင် လူဦးရေငါးသန်းကျော်ရှိသည်။ တစ်နိုင်ငံလုံး၏လူဦးရေရာခိုင်နှုန်းအရ အများဆုံးအခြေချနေထိုင်လျက်ရှိသည်။ ထိုနည်းတူ တစ်နိုင်ငံလုံးတွင် ကားစီးရေ ငါးသိန်းရှစ်သောင်းကျော်အနက် မဟာရန်ကုန်ဝန်းကျင်တွင် သုံးသိန်းကျော်နေရာဝင်ယူနေသည်။ ထိုကားများ စနစ်တကျလမ်းကြောင်းမှန်စေရေး ထိန်းသိမ်းဆောင်ရွက်နေရသည်။ ယာဉ်ထိန်းရဲအရေအတွက်က တစ်ထောင်ကျော်။ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာလိုဖြစ်နေသည်။ ကားစီးရေသုံးသိန်း၊ ယာဉ်ထိန်းရဲက တစ်ထောင်ကျော်သည်။ ဘဲအုပ်က တစ်ရာနှစ်ရာ မဗေဒါက တစ်ပင်တည်း ဆိုသလို မနိုင်မနင်းနှင့် မနိုင်ဝန်ထမ်းနေကြရသည်။

ခါချဉ်ကောင် ခါးကမသန်လည်း အားမာန်မလျှော့၊ နိုင်ငံ့ဝန်ထမ်းကောင်းများပီပီ တာဝန်အပေါ် ကျားကုတ်ကျားခဲ ဖွဲနပဲသန်သန်ဖြင့် တာဝန်ကျေပွန်နေကြမှုကို ရန်ကုန်မြို့တွင်း နေ့စဉ်ယာဉ်ကြောပိတ်ဆို့နေသည့်နေရာ ၅၅ ခုတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အလှည့်ကျစနစ်ဖြင့် ၂၄ နာရီ ယာဉ်ကြောရှင်းလင်းနေရမှုများက သက်သေပြလျက်ရှိသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား တစ်ထောင်ကျော်နှင့် လမ်းဆုံ လမ်းမ၊ အဝိုင်း၊ မီးပွိုင့်များတွင် တစ်နေရာလျှင် အနည်းဆုံး နှစ်ဦးမှ ငါးဦးထိ တာဝန်ထမ်းဆောင်လျက်ရှိနေကြောင်း သိရသည်။ သို့သော် ညဘက်တွင် အင်အားဖြည့်တင်းမပေးနိုင်ဖြစ်နေရသည်။ ထိုဟာကွက်ကို ဖြည့်တင်းနိုင်ရန် ယခုစီစဉ်လာနေပြီ။ တိုးလာမည့် သင်တန်းဆင်းအင်အားများနှင့် ရန်ကုန်မြို့တွင် ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။ နေရာတစ်နေရာမှာ ရှစ်နာရီ သုံးဆိုင်းခွဲပြီး တစ်ရက်လုံးအပြည့် နေ့စဉ် တာဝန်ချထားပေးပြီး လုပ်ငန်းစဉ် စဉ်ဆက်မပြတ်လုပ်ဆောင်သွားမည်ဟု တာဝန်ရှိသူတစ်ဦး၏ပြောစကားအရ သိရသည်။

လက်ရှိ ရန်ကုန်မြို့တွင် နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုကြုံတွေ့နေရခြင်းသည်။ အထူးသဖြင့် ရုံးဖွင့်၊ ကျောင်းဖွင့်ရက်များ၊ ရုံးဆင်း၊ ကျောင်းဆင်းချိန်များတွင် ပိုဆိုးသည်။ အနော်ရထာလမ်းမှ လသာမှတ်တိုင်ထိကြား လေးမှတ်တိုင်သာရှိသည်။ ခရီးတိုလေးကို အချိန်တစ်နာရီနီးပါး ကားစီးရသည်။ ထိုနည်းတူ မဟာဗန္ဓုလလမ်းတွင်လည်း ၁၅ လမ်းမှ ဘိုကလေးဈေးမှတ်တိုင်ထိ ခရီးတွင် ညနေ ၅ နာရီဝန်းကျင်လောက်မှစ၍ အတားအဆီးနှစ်ခုကို စိတ်ရှည်သည်းခံဖြတ်သန်းနေကြရသည်။

မဟာဗန္ဓုလလမ်းပေါ်မှ ပန်းဆိုးတန်းမှတ်တိုင်ကို ကျယ်ကျယ်ဝန်းဝန်းရှိသည့် ဘိုကလေးဈေးမှတ်တိုင်နေရာသို့ ရွှေ့ပေးလိုက်နိုင်ပါလျှင် အမြဲလိုလိုကားများနှင့် ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်နေသော မှတ်တိုင်တစ်ခု၊ ထိုမှတ်တိုင်မှာ တာဝန်ယူနေရသူ ဝန်ထမ်းတစ်စုအပါအဝင် ခရီးသွားပြည်သူအများစုသည်လည်း ရှင်းလင်းပေါ့ပါးအဆင်ပြေသွားကြမည်ဟု ယူဆမိပါသည်။

ပန်းဆိုးတန်းမှတ်တိုင်လမ်းအတိုင်း တက်လာသော သန်လျင်သွားလိုင်းကားများနှင့် ခြေချင်းလိမ်နေသည်။ ကွေ့ထိပ်များတွင် ကြာကြာရပ်ပြီး လူစောင့်တင်ကြသဖြင့် ပုံမှန်လမ်းကြောင်းသွားကားများ ရှေ့မတိုးနိုင်၊ မီးနီမိကြရသည်။ လမ်းဆုံမှာ တိုးလိုးတန်းလန်းနှင့် ညဘက်ဆိုပိုဆိုးလျက်ရှိသည်။ ထိုအချိန် ယာဉ်ထိန်းရဲလည်း မရှိပြီ။ ဤသို့ အင်အားနှင့်မမျှအောင်ဖြစ်နေသော ယာဉ်များ၊ ယာဉ်မောင်းများ၏ စည်းကမ်းမဲ့မှုများကြားတွင် မနိုင်ဝန်ထမ်းနေကြရသော ယာဉ်ထိန်းရဲများ တစ်ခါတစ်ရံ ယာဉ်မောင်းများ၏ ရိုင်းပျမှုများကိုလည်း ခံကြရသည်။

ယခုတစ်ဖန် ညဘက်တာဝန်ယူကြရတော့မည်။ ညဘက်ဆို ခရီးသည်များသည် ပုံမှန်မဟုတ်နိုင်တော့ဘဲ စည်းကမ်းမဲ့မှုများ၊ ညဘက် ကားပြိုင်မောင်းသူတချို့၏ စည်းကမ်းမဲ့မှုများကို တာဝန်ယူကြရမည့် ညတာဝန်ကျသမားများအတွက် "စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်" နိုင်မှ တော်ကာကျမည်။ ယာဉ်မောင်းများအနေဖြင့်လည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို တိကျစွာ လိုက်နာကျင့်သုံးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီကြရမည်ဖြစ်သည်။ ။

## ဘာသာရေး၊ လူမှုရေးအဖွဲ့များသို့ အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂**

ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များသို့ ကုသိုလ်ပါရမီအလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဦးမောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သာသနာပြုဆရာ၊ အကျိုးတော်ဆောင်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ၊ တွဲဖက်ဌာနမှူး Dr.Ram Niwas(ခ) ဒေါက်တာလှထွန်းက အခမ်းအနားနှင့် ပတ်သက်၍ ဟိန္ဒူရိုးရာရွတ်ဖတ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများထံ ရွှေစုပါလိုက်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အတွင်းရေးမှူး ဘဒ္ဒန္တကုသလ၊ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးမောင်သိန်း၊ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ(ခဝဲခြံ) ကျောင်းအုပ် ဦးသိန်းလွင်နှင့် ရန်ကုန်မြို့ မွတ်စလင်ကုသိုလ်ဖြစ်အခမဲ့ဆေးရုံဥက္ကဋ္ဌ ဦးမူဆာအေမရန်းတို့က ဂုဏ်ပြုဝမ်းမြောက်စကားများ ပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။** **(ဓမ္မပဒ၊ ၁၈၃)**

## စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်အနက် ဝန်ထမ်းများ ခေတ်နှင့်အညီ လိုက်လျောညီထွေ၍ စွမ်းဆောင်ရည်မြင့်မားကာ လျင်မြန်ထိရောက်သော နည်းလမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်ရည်ရွယ်ပြီး သင်တန်းများဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသော အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၃/၂၀၁၄) ဖွင့်ပွဲ၌ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များကို နားလည်သိရှိစေရန်နှင့် အပြည့်အဝလိုက်နာဆောင်ရွက်နိုင်စေရန်၊ မူလပေးနေသည့် သင်တန်းမျိုးမဟုတ်ဘဲ ရှင်းလင်းချပြခြင်း၊ အပြန်အလှန်ဆွေးနွေးစေခြင်းတို့နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပေါင်းစပ်ညှိနှိုင်းမှုများကို ဌာနအတွင်း ပြန်လည်သုံးသပ်သွားကြရန်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲသင့်သည်များရှိပါကလည်း ပြုပြင်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၅၃၀၀ | - | ၆၆၆၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၅၂၀၀ | - | ၆၆၆၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၃. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၇. ၉၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၃၃၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၇. ၁၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၂၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၉. ၂၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၅. ၇၇၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၀၅. ၃၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၃၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း











နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ရခိုင်ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲအခမ်းအနားသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ ကဏ္ဍအလိုက် ပါဝင်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးညှိနှိုင်းခန်းမ၌ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂေါတမ် မူခိုပါဒါယနှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်သက်က ရခိုင်ပြည်နယ်အတွင်းရှိ လမ်းများနှင့် ပြုပြင်ထိန်းသိမ်းမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်း တင်ပြသည်။

တွေ့ဆုံပွဲတွင် အိန္ဒိယနိုင်ငံမှ မောင်တော-အလယ်သံကျော်-အင်ူမော်လမ်းပိုင်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ထုတ်ချေးမည့် အခြေအနေများနှင့် ရခိုင်ပြည်နယ်အတွင်း လမ်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မင်းကင်းမြို့တွင် မိုးရွာသွန်းမှုကြောင့် ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မင်းကင်း စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့ အမှတ်(၃)ရပ်ကွက်၌ မိုးရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေတက်ကာ ရေကြီးရေလျှံမှုကြောင့် **(အောက်ပုံ)** ရေဘေးသင့် အိမ်ထောင်စုများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့က ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို စက်တင်ဘာ ၂ ရက် ညနေ ၄ နာရီက အမှတ်(၁)ရပ်ကွက် ယွန်းကျောင်း တိုက်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆန်းထွန်းနှင့် ဝန်ထမ်းများက ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၀ တို့အား တစ် အိမ်ထောင်လျှင် ဆေးစိမ်ခြင်ထောင် တစ်လုံးစီနှင့် ဆန်များ လှူဒါန်းပေးခဲ့သည့်အပြင် မင်းကင်းမြို့ မွေးရပ်မြေဖောင်ဒေးရှင်းမှ တစ်အိမ်ထောင်စုလျှင် ဆန်လေးပြည်နှုန်းလှူဒါန်းပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများအား မဟာမင်းကျောင်းတိုက်နှင့် ယွန်းကျောင်းတိုက်တို့၌ ကယ်ဆယ်ရေး စခန်းအဖြစ်နေရာချပေးထားကြောင်း သိရသည်။

**ဒီဒိုင်း(ကလေး)**



# အာရှနက်ဘောပြိုင်ပွဲသို့ မြန်မာ့နက်ဘောအားကစားအဖွဲ့ဝင်များ သွားရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အာရှနက်ဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့နက်ဘောအားကစားအဖွဲ့ဝင်များအား တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားရာတွင် နက်ဘောကစားနည်းသည် ဘတ်စကက်ဘောကစားနည်းကို အခြေခံထားခြင်းဖြစ်၍ နက်ဘောကစားသမားများအနေဖြင့် ကိုယ်ကာယကြံ့ခိုင်မှုရှိရန်၊ တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေး ကောင်းမွန်စေရန်နှင့် အဖွဲ့လိုက်ကစားရသော ကစားနည်းဖြစ်၍ စည်းလုံးညီညွတ်မှုရှိရန်လိုအပ်ကြောင်း၊ မြန်မာ့အားကစားအဖွဲ့တွင် ပါဝင်ကြသူများအားလုံး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေထိုင်မှုအားလုံးသည် မြန်မာနိုင်ငံ၏ ပုံရိပ်ပင်ဖြစ်၍ မိမိကြောင့် နိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်စေသကဲ့သို့ မိမိကြောင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမထိခိုက်စေရေးမှာလည်းအထူးအရေးကြီးကြောင်း၊ သို့ဖြစ်၍ မိမိတို့စွမ်းဆောင်နိုင်သမျှ အကောင်းဆုံး စွမ်းဆောင်ခဲ့ကြစေလိုပြီး ရရှိလာမည့် အတွေ့အကြုံများမှ အားနည်းချက်များကို ပြုပြင်ကာ အားသာချက်များနှင့် ပေါင်းစပ်၍ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

မြန်မာ့နက်ဘောအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်တစ်ဦး၊ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ လက်ထောက်နည်းပြတစ်ဦး၊ အားကစားသမားရှစ်ဦးတို့သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ဝဝဝ





*အယ်လ်ရှာဘတ် သူပုန်အဖွဲ့အား ချေမှုန်းတိုက်ထုတ်နေသော ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။*

# ဆိုမာလီရှိ စစ်သွေးကြွခေါင်းဆောင်များအား အမေရိကန်က လေကြောင်းမှ ပစ်မှတ်ထား တိုက်ခိုက်

**မိုဂါဒစ်ရှူး စက်တင်ဘာ ၂**

ဆိုမာလီနိုင်ငံအတွင်း၌ အမေရိကန်စစ်ဘက် မောင်းသူမဲ့ လေယာဉ်များဖြင့် စစ်သွေးကြွခေါင်းဆောင်များအား ချေမှုန်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ လတ်တလောထွက်ပေါ်လာသည့် သတင်းများအရ ယင်းတို့၏ပစ်မှတ်မှာ ဆိုမာလီယာနိုင်ငံတွင်းရှိ အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့၏ ခေါင်းဆောင်ဖြစ်ကြောင်း သတင်းများ၌ ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူး၏ တောင်ဘက် ကီလိုမီတာ ၂၄၀(မိုင် ၁၅၀)အကွာ၌ နေထိုင်သူဟု အတိအကျမသိရသူ ဟာမက်အက်ဗ်ဒီဂိုဒန်းအား ရည်ရွယ်၍ တိုက်ခိုက်မှုများ ပြုလုပ်နေသည်။

ယင်းတိုက်ခိုက်မှုအတွင်း မော်တော်ယာဉ်လေးစီး မီးလောင်သွားကြောင်း အဆိုပါဒေသ၌ နေထိုင်သူတစ်ဦးက ဘီဘီစီသတင်းဌာနသို့ ပြောကြားပြီး ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်မည်ဟု အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆိုမာလီနိုင်ငံ၏ အချက်အချာကျသောဒေသများနှင့် တောင်ပိုင်းဒေသမှ နေရာအများအပြားကို အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်မှုရှိသော ဆိုမာလီစစ်သွေးကြွများက ထိန်းချုပ်ထားသည်။

အမေရိကန်နိုင်ငံက ဆိုမာလီနိုင်ငံအတွင်း လွန်ခဲ့သော နှစ်အတန်ကြာကပင် လေကြောင်းမှ တိုက်ခိုက်မှုများ မကြာခဏဆိုသလို ပြုလုပ်ခဲ့သည်။

အာဖရိကဒေသတွင်းမှ ခေါင်းဆောင်များသည် စက်တင်ဘာ ၂ ရက်က ကင်ညာနိုင်ငံအတွင်း အယ်လ်ရှာဘတ် သို့မဟုတ် အခြားသော စစ်သွေးကြွများဖြစ်သည့် နိုင်ဂျီးရီးယားမှ ဘိုကိုဟာရမ်အဖွဲ့တို့၏ ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

**ဘီဘီစီ။**

# နိုင်ဂျီးရီးယားနိုင်ငံမှ အဓိကမြို့တစ်မြို့အား ဘိုကိုဟာရမ် စစ်သွေးကြွများ သိမ်းယူ

**အဘူဂျာ စက်တင်ဘာ ၂**

နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များနှင့် အပြင်းအထန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ယင်းနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသမှ အဓိကကျသော ဘာလ်မာမြို့အား ဘိုကိုဟာရမ်စစ်သွေးကြွလက်နက်ကိုင်အဖွဲ့များက သိမ်းယူခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါမြို့မှ ထောင်ပေါင်းများစွာသော ဒေသခံများသည် နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့ဝင်များနှင့်အတူ ထွက်ပြေးသွားကြကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါသတင်းများ ထွက်ပေါ်ခဲ့သော်လည်း နိုင်ဂျီးရီးယားစစ်ဘက်မှ ထုတ်ပြန်သောသတင်းများ၌ နိုင်ဂျီးရီးယား ကြည်းတပ်ဖွဲ့ဝင်များက ယင်းမြို့ကို ထိန်းချုပ်ထားနိုင်ဆဲဖြစ်ကြောင်း ဖော်ပြသည်။ ဘာလ်မာမြို့သည် နိုင်ဂျီးရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့လည်းဖြစ်သည်။

လွန်ခဲ့သည့်လအတွင်းက ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာ၌ နိုင်ဂျီးရီးယား နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ၎င်းတို့သိမ်းပိုက်ရရှိရာ ကျေးရွာများနှင့် မြို့များအား အခြေခံကာ အစ္စလာမ့်နိုင်ငံ ထူထောင်ကြောင်း ဖော်ပြခဲ့သည်။

ဘာလ်မာမြို့အား သိမ်းပိုက်နိုင်ကြောင်း အတည်ပြုခြင်းသည် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့အတွက် ကြီးမားသော အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ယင်းမှသည် အခြားခြိမ်းခြောက်နိုင်သည့်ပစ်မှတ်မှာ နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာနှင့် ကီလိုမီတာ ၇၀ (၄၄ မိုင်)အကွာရှိ ဟီဒူဂူရီမြို့တို့ ဖြစ်လာဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ဘီဘီစီ။**



*ဘိုကိုဟာရမ် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အဆောက်အအုံတစ်လုံး ပျက်စီးနေသည်ကို တွေ့ရစဉ်။*



# ဆိုင်းနိုင်းဒေသတွင် ပုံးခွဲတိုက်ခိုက် အီဂျစ်ရဲတပ်ဖွဲ့ဝင်များ သေဆုံး

**ကိုင်ရို စက်တင်ဘာ ၂**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းဒေသတွင်း၌ ရဲတပ်ဖွဲ့ယာဉ်တန်းတစ်ခုအား ပုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ရပ် စက်တင်ဘာ ၂ ရက်တွင် ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၁ ဦးထက်မနည်း သေဆုံးကြောင်း ယနေ့ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

ဂါဇာဒေသနယ်စပ် ဗေဖက်စ်ကျေးရွာအနီး ရောက်ရှိလာသော အဆိုပါယာဉ်တန်းကို အဝေးထိန်းစနစ်အသုံးပြုကာ ပုံးဖောက်ခွဲခြင်းဖြစ်ကြောင်း ကနဦးသတင်းများ ထွက်ပေါ်ခဲ့သည်။

အီဂျစ်အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုံးဖောက်ခွဲမှုဖြစ်ပွားခဲ့သော ဆိုင်းနိုင်းမြောက်ပိုင်းဒေသ၌ ဒါဇင်နှင့်ချီသော စစ်သွေးကြွများအား သတ်ဖြတ်ချေမှုန်းခြင်းနှင့် ဖမ်းဆီးမှုများ လုပ်ဆောင်နေပြီး ယင်းတို့မှာ ဂျီဟတ်စစ်သွေးကြွလှုပ်ရှားမှုတွင် ပါဝင်နေမည်ဟု သင်္ကာမကင်းဖြစ်သူများ အပါအဝင်ဖြစ်သည်။

အဆိုပါစစ်သွေးကြွအဖွဲ့ဝင်များသည် အီဂျစ်ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များအား သုတ်သင်သတ်ဖြတ်မှုများကို အီဂျစ်သမ္မတ မိုဟာမက်မော်စီအား ရာထူးနေရာမှ ဖယ်ရှားခံရချိန်ကတည်းက လုပ်ဆောင်ခဲ့ကြသည်။

ဆိုင်းနိုင်းဒေသတွင်း၌ စဉ်ဆက်မပြတ် ဖြစ်ပွားခဲ့သော ပုံးဖောက်ခွဲမှုများနှင့် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ၌ ၎င်းတို့တာဝန်ယူကြောင်း အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် အန်ဆာဟီအစ်အယ်လ်ဟာဂွဒ်စ်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းအဖွဲ့၏ ထုတ်ဖော်ပြောကြားမှုသည် အီဂျစ်နိုင်ငံအတွင်း သမ္မတဟောင်းမိုဟာမက်မော်စီ၏ မွတ်စလင်ညီနောင်များ အဖွဲ့ဝင်အချို့အား သေဒဏ်စီရင်ခြင်းနှင့် ဖမ်းဆီးထောင်ချမှုများ ပြုလုပ်ခြင်းအပေါ် လက်စားချေမှုအဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ **ဘီဘီစီ။**

# အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ဘက်တွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ နှစ်ဦးသေဆုံး

**ဝါရှင်တန် စက်တင်ဘာ ၂**

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ဘက် နယူးဟမ်ရှိုင်းယားပြည်နယ်တွင် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက လေယာဉ်ငယ်တစ်စင်းပျက်ကျရာ နှစ်ဦးသေဆုံးသွားကြောင်း စီဘီအက်စ် နယူးစ်သတင်းစာက ဖော်ပြသည်။

ဆက်စနာ ၁၈၀ အမျိုးအစား လေယာဉ်ပေါ်တွင် လူနှစ်ဦးလိုက်ပါလာပြီး နံနက် ၁၁ နာရီခန့်တွင် ဟမ်ပက်တွန်အဲလ်ဖီးလ်မြို့အနီး တောအုပ်တွင် ပျက်ကျသွားကြောင်း၊ သေဆုံးသူနှစ်ဦး၏ အမည်နာမများကို ထုတ်ဖော်ကြေညာခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါလေယာဉ်က လောင်စာဖြည့်ရန် လေဆိပ်တွင် ဆင်းသက်ခဲ့ပြီးနောက် ပျံတက်လာအပြီး မကြာမီတွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း ဒေသခံ မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ သတင်းတွင် ဖော်ပြသည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိသည်။ **ဆင်ဟွာ။**

# အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အထင်ကရ စီးပွားရေး အဆောက်အအုံ မီးလောင်

**နယူးဒေလီ စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ် မြို့တော်ကိုလ်ကတ္တား၌ စက်တင်ဘာ ၂ရက်က အထင်ကရ စီးပွားရေးအဆောက်အအုံတစ်လုံး မီးလောင်ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

မီးလောင်သည့်နေရာသို့ မီးသတ်ကားလေးစီး ရောက်ရှိလာပြီး မီးသတ်ခြင်း၊ ပိတ်မိနေသူများအား ကယ်တင်ခြင်းများ ပြုလုပ်ကြောင်း မီးသတ်ဌာနက ပြောကြားသည်။

ယင်းအဆောက်အအုံမှာ တစ်ချိန်က ကိုလ်ကတ္တားမြို့တွင် အမြင့်ဆုံးအဆောက်အအုံဖြစ်ပြီး နံနက် ၉နာရီခန့်တွင် မီးလောင်ကြောင်း၊ ၁၆ ထပ်ရှိ အဆောက်အအုံဖြစ်ပြီး ရုံးခန်းများ၊ ကုန်သွယ်ရေးအဖွဲ့အစည်းများ တည်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

# အီကွေဒေါနိုင်ငံမှ တွန်ဂူရာဟွာမီးတောင် လှုပ်ရှားမှုများ တိုးမြင့်လာဟုဆို

**ကွီတို စက်တင်ဘာ ၂**

အီကွေဒေါနိုင်ငံမှ ဘူမိဗေဒတိုင်းတာရေး ပညာရှင်များက ၎င်းနိုင်ငံအတွင်းရှိ တွန်ဂူရာဟွာမီးတောင်သည် သက်ဝင်လှုပ်ရှားမှုများကို ပြသခဲ့ကြောင်း ပြောကြားသည်ဟု ယနေ့ ဒေသဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။

စက်တင်ဘာ ၁ ရက်တွင် ယင်းမီးတောင်၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုအကြိမ် ၄၀ ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းမီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် ပြာမှုန်များသည် လွန်ခဲ့သောရက်များအတွင်းကထက်စာလျှင် လေထုတွင်းသို့ သုံးကီလိုမီတာ (၁ ဒသမ ၈ မိုင်) အထိ မြင့်တက်ခဲ့သည်။ အီကွေဒေါနိုင်ငံမြို့တော် ကွီတိုအရှေ့တောင်ဘက် ၁၃၅ ကီလိုမီတာ (၈၅မိုင်)အကွာတွင် တည်ရှိသော အဆိုပါမီးတောင်မှာ ၁၉၉၉ ခုနှစ်မတိုင်မီအထိ မီးတောင်မြုံတစ်လုံး ဖြစ်ခဲ့သည်။ **ဘီဘီစီ။**



*အီကွေဒေါနိုင်ငံရှိ တွန်ဂူရာဟွာမီးတောင် လှုပ်ရှားနေသည်ကို တွေ့မြင်ရစဉ်။*

# ပွင့်သောပန်းတိုင်း လန်း၍ လန်းသောပန်းတိုင်း မွှေးပါစေ

## ခန်းနီလာဝင်း

လူငယ်လူရွယ်များကို ပန်းနှယ်ပမာပြု၍ ပွင့်သောပန်းတိုင်း လန်း၍ လန်းသောပန်းတိုင်း မွှေးစေချင်သည်။ ဤတွင်မက ပန်းလိုလှ၍ စမ်းလို မြစေချင်သည်။ ပန်းလိုဖြူ၍ စမ်းလို ဖြူစေချင်သည်။ ပန်းလိုမွှေး၍ စမ်းလို အေးစေချင်သည်။ ပန်းကလေးများကို မပွင့်ခင် နွမ်းပြီး မကြွေစမ်းစေချင်ပါ။ ပွင့်ချိန်တန်၍ ပွင့်နေချိန်တွင် အချိုးခံ၊ အနင်းချေခံဘဝမျိုးကိုလည်း မရောက်စေလိုပါ။ ရေမြင့်၍ ရွှေကြာပွင့်တင့်သလို တင့်တယ်စွာ လှပစေချင်ပါသည်။ ဤသည်မှာ ဘဝဥယျာဉ်မှူးများဖြစ်ကြသည့် မိဘ၊ ဆရာသမားများနှင့် အုပ်ထိန်းသူများ၏ အရင်းခံစေတနာပင်ဖြစ်သည်။

စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး(Moral Education)အတွက် အခြေခံတစ်ရပ်မှာ ပညာရေးပင်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူကြရမည့်သူများမှာ လူငယ်လူရွယ်များသာဖြစ်ရာ ထိုလူငယ်လူရွယ်များအား စိတ်ဓာတ်ကောင်းမွန်သူ လူတော်များ၊ အကျင့်စာရိတ္တမြင့်မားသူ လူကောင်းများဖြစ်လာစေရန် ပျိုးထောင်ဖို့ လိုအပ်သည်။

ကလေးသူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကို ပထမဦးဆုံး လွှမ်းမိုးပြုစုပျိုးထောင်သူများမှာ မိသားစုပင်ဖြစ်သည်။ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဖြစ်သည်ကို အားလုံးလက်ခံထားကြသည်။ ကလေးသူငယ်များသည် မိသားစုရင်ခွင်ထဲက ထွက်လာပြီးမှ မူကြိုကျောင်း၊ ထိုမှတစ်ဆင့် အတန်းကျောင်းများသို့ တက်ရောက်သောအခါတွင် ဖတ်စာ၊ တွက်စာများ သင်ကြားပေးကြသော ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများကို ပြုပြင်ပုံသွင်းသည်။ အမျိုးသားအကျင့်စာရိတ္တအစမှာ စာသင်ခန်းပင်ဖြစ်သည်။ စာသင်ခန်းများကပင် အစဉ်အလာကောင်းများ ပျိုးထောင်ပေးနိုင်သည်။ ကျောင်းဖတ်စာများတွင် စိတ်ဓာတ်ဖွံ့ဖြိုးရန်နှင့် အကျင့်စာရိတ္တမြင့်မားရေးအသွင်ပါ ပါဝင်သည်။ ကလေးသူငယ်များအတွက် အသိပညာဖွံ့ဖြိုးရေး၊ စာရိတ္တပညာရေးနှင့်သက်ဆိုင်သည့် ကလေးစာစောင်၊ စာအုပ်စာတမ်းများနှင့် ရုပ်မြင်သံကြား၊ ဗီဒီယိုအစီအစဉ်များဖြင့်လည်း ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးစေရန် ဖန်တီးပေးရသည်။

မြန်မာတို့သည် ပုဂံခေတ်ကို မဆိုထားဘိ၊ ပျူခေတ်(သရေခေတ္တရာခေတ်)ကာလကပင် ဘုန်းကြီးကျောင်းပညာရေးနှင့် ရင်းနှီးခဲ့သူများဖြစ်ပေရာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလအထိဖြစ်သည်။ ထို့နောက် အတန်းကျောင်းများ ပေါ်ပေါက်လာခဲ့ရာ အမျိုးသားပညာရေးကဏ္ဍတွင် ဘုန်းကြီးကျောင်းပညာရေးသည် မှေးမှိန်သွားခဲ့သည်။

ပထမမြန်မာနိုင်ငံတော်ကို ဦးဆောင်တည်ထောင်ခဲ့သူ အနော်ရထာမင်းကြီးသည်လည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်တည်ထောင်ခဲ့သူ ဘုရင့်နောင်မင်းတရားကြီးသည်လည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်တည်ထောင်ခဲ့သူ အလောင်းဘုရားသည်လည်းကောင်း မည်သည့်အတန်းကျောင်း၊ မည်သည့်တက္ကသိုလ်ကမှ ထွက်လာခဲ့သူများမဟုတ်ကြပါ။ မြန်မာ့ပဒေသရာဇ်ခေတ်၏ နိုင်ငံ့အကြီးအကဲများသည်

> *ပညာသင်ကြားရာတွင် အလွတ်ကျက်မှတ်လေ့လာ၍ ဖြေဆိုရန်မဟုတ်ဘဲ မိမိ၏ကိုယ်ပိုင်လေ့လာဉာဏ်ဖြင့် စဉ်းစားတွေးခေါ် သင်ယူနိုင်စွမ်းနှင့် တီထွင်ဖော်ထုတ်နိုင်စွမ်းများရှိလာအောင် သင်ကြားပေးကြရမည်။*

ဘုန်းတော်ကြီးကျောင်းပညာရေး၏ အရိပ်အာဝါသအောက်မှ ထွက်လာကြပြီး မြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ထည်ဝါခန့်ညားလေးစားအောင် အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ကြသူများပင်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်ရှိ မိဘတော်တော်များများသည် မိမိတို့ကိုယ်တိုင် လက်ဦးဆရာဖြစ်နေသည်ကို မေ့လျော့ထားကာ မိမိတို့၏ကလေးများ စကားကို ပီသစွာ မပြောနိုင်မီကပင် မူကြိုကျောင်းသို့ ပို့နေကြသည်။ ခေတ်ကာလ အခြေအနေအရ မူကြိုကျောင်းသို့ မလွှဲသာ၍ ပို့လွှတ်ထားကြရမည်ဖြစ်သော်လည်း ကလေးသူငယ်များ၏ကိုယ်ရည်ကိုယ်သွေးကို ပထမဆုံးလွှမ်းမိုးပြုစုပျိုးထောင်သူများမှာ မိသားစုပင်ဖြစ်ကြောင်း အထူးသတိပြုကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဆယ်ကျော်သက်အရွယ်(ဝါ)အပျိုဖော်ဝင်ချိန်သည် လူငယ်နှင့် လူကြီးဟူသော ဖြစ်စဉ်နှစ်ခုအကြားတွင် ရောက်ရှိနေချိန်ဖြစ်ရာ လေ့လာရန်အခက်ဆုံး၊ ပြုပြင်ရန် သတိအထားရဆုံးအချိန်ပင်ဖြစ်သည်။ ညွှတ်လွယ်၊ တိမ်းလွယ်၊ ယိမ်းလွယ်၊ ယိုင်လွယ်အရွယ်ပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အရိုင်း သို့မဟုတ် လှိုင်းပေါ်က လှေငယ်ပမာ လူးလွန့်သည့် အရွယ်ဟု ဆိုနိုင်ပါသည်။ ထိုသို့ အထိန်းမတတ်သည့် စိမ်းဆတ်ဆတ်အရွယ်ဖြစ်နေ၍ ဆွတ်သည့်နောက်သို့ ညွှတ်သွားတတ်သလို ဆွဲသည့်နောက်သို့ စွဲသွားတတ်သည့် အရွယ်ပင် ဖြစ်သည်။ ပညာရေးသဘောတရားအရဆိုပါလျှင် ထိုပျိုမျစ်နုနယ် ဆယ်ကျော်သက်အရွယ်သည် မိမိကိုယ်မိမိ စိစစ်ဝေဖန်သုံးသပ်နိုင်စွမ်းနှင့် မှန်ကန်တိကျစွာ ဆုံးဖြတ်နိုင်စွမ်းမရှိသေးသည့်အရွယ်ပင်ဖြစ်ပါသည်။ ထိုအရွယ်လူငယ်များသည် မိမိနှင့် သက်တူရွယ်တူများကို ခင်တွယ်ခြင်း၊ အထင်ကြီးခြင်း၊ အတုမြင်အတတ်သင်ခြင်းများ အမြင့်မားဆုံးအချိန်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့အား ကျောင်းပြင်ဝန်းကျင်အဖွဲ့အစည်း(သာဓကအားဖြင့် ကင်းထောက်အဖွဲ့အစည်းမျိုး)ဖြင့် စည်းရုံးလေ့ကျင့်ပျိုးထောင်ပေးသွားကြရမည် ဖြစ်ပါသည်။

ဆယ်ကျော်သက်အရွယ် လူငယ်မောင်မယ်များသည် အခြားသူတစ်ဦးကို အတုခိုးခြင်း၊ မိမိကိုယ်မိမိ ပုံတူသတ်မှတ်ခြင်းများပြုလုပ်ပြီး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တဖွံ့ဖြိုးစေသည်။ ထို့ကြောင့် ကျောင်းသင်ရိုးညွှန်းတမ်းများအပြင် မြန်မာမျိုးချစ်သူရဲကောင်းများအကြောင်း၊ ရိုးသား၊ နိုးကြား၊ ကြိုးစားကြ၍ တိုးပွားအောင်မြင်ထင်ရှားကြသည့် ပုဂ္ဂိုလ်များ၊ ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်များ၊ စံတင်ဂုဏ်ပြုလောက်သည့် အမူအကျင့်နှင့် စိတ်ဓာတ်ရှိကြသူများအကြောင်းတို့နှင့်စပ်လျဉ်း၍ ကမ္ဘာရော မြန်မာပါ သမိုင်းဝင်အကြောင်းအရာများကို ထည့်သွင်းသင်ကြားပေးကြရမည်ဖြစ်သည်။ ထို့ပြင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်ဝက်ဘ်ဆိုက်တို့မှလည်း ကမ္ဘာရော မြန်မာပါ စံပြုထိုက်သည့် ပုဂ္ဂိုလ်များ၏ အကြောင်းအရာများကို အနုပညာနည်းဖြင့် သုတ၊ ရသပါအောင် ဆွဲဆောင်စည်းရုံးဖော်ပြနေရန် လိုအပ်ပါသည်။

ပျိုမျစ်နုနယ်သော ဆယ်ကျော်သက်အရွယ်တွင် အတွေးအခေါ်၊ အသိဉာဏ်မရင့်ကျက်ကြသေးသည့်အလျောက် သတိမမူ၍ ဂူမမြင်သည့် အမြင်မှားမျိုးလည်း ရှိတတ်သည်။ တံလျှပ်ကို ရေထင်၍ ရွှေသမင်အလိုက်မှားသည့်ပမာ သရုပ်မှန်ကို အဟုတ်အမှန်မထင်ဘဲ သရုပ်ပျက်ကို အဟုတ်မှတ်တတ်သည့် အမြင်မှားမျိုးလည်း ရှိနေတတ်သည်။ ကျားကို သမင် မေတ္တာဝင်၍ သမင်၏မေတ္တာသည် ကျားအစာဖြစ်သွားရရှာသည့် လမ်းမှားမျိုးနှင့် ကြုံရတတ်သည်။

အရသာချိုမြိန်လွန်းလှသည့် သရက်ပင်သည် ခွေးတောက်မြစ်နှင့် ပေါင်းယှက်မိ၍ သီးချိန်တွင်အရသာပျက်ရသကဲ့သို့ မကောင်းသောပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကြောင့် ခံနိုင်ရည်မရှိသည့် လူငယ်လူရွယ်များမှာ လေလွင့်ပျက်စီးရသည်လည်းရှိသည်။ ထို့ကြောင့် ပျိုမျစ်နုနယ်ဆယ်ကျော်သက်အရွယ်တို့သည် လှိုင်းပေါ်မှ လှေပမာ အရာရာတွင် ညွှတ်လွယ်၊ တိမ်းလွယ်၊ ယိမ်းလွယ်၊ မှားလွယ်သည့် အရွယ်ဖြစ်နေသည့်အတွက် မိဘများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူများ၏ ပဲ့ပြင်ထိန်းသိမ်းညွှန်ပြမှုတို့သည် အလွန်အရေးကြီးလှသည်။

သွန်သင်ပဲ့ပြင်မှုနည်းလွန်းသောကြောင့် အကျိုးဆုတ်ယုတ်ရပုံများလည်း ရှိပြီးဖြစ်ပါသည်။ မိဘဆရာသမားများ၏ ဩဝါဒကိုနာခံ၍ လက်တွေ့ကောင်းကျိုးခံစားခဲ့ရသည့် သာဓကများလည်း ရှိပြီးဖြစ်ပါသည်။ ပျိုမျစ်နုနယ် ဆယ်ကျော်သက်အရွယ်တို့၏သဘောသဘာဝသည် ရုပ်သေးရုပ်နှင့် တူလွန်းလှသည်။ ကြိုးဆွဲရာသို့ လိုက်ပါကတတ်သူများပင်ဖြစ်သည်။ လျော့လွန်းလျှင် လိုင်းပတ်၍ တင်းလွန်းလျှင်လည်း ပြတ်တတ်ပါသည်။

"အားလုံးအတွက် ပညာရေး" (Education for All)ဟူသော ကုလသမဂ္ဂ၏ထောင်စုနှစ်ရည်မှန်းချက်ချမှတ်ခဲ့ရာတွင် ပညာရေးသည် ကမ္ဘာ့စီးပွားရေးပုံစံသစ်ကိုဖွင့်လှစ်ရန် သော့ချက်ဖြစ်ပြီး အခြေခံမူလတန်းပညာမှသည် လူ့ဘဝတစ်လျှောက်လုံး ပညာကို လေ့လာဆည်းပူးသင်ယူနေကြရမည်ဖြစ်သည်။ ထိုပညာကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေခြင်းသည်ပင်လျှင် ပညာရေးသည် လူမှုဖွံ့ဖြိုးတိုးတက်မှု၊ လူသားလွတ်လပ်မှုနှင့် တိုးတက်မှုတို့၏ ဗဟိုချက်မဖြစ်နေပေသည်။

ပညာရေးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ကျောင်းစာသင်ခန်းများအတွင်း၌သာ သင်ကြားလေ့လာဆည်းပူးရုံမျှ မလုံလောက်တော့ဘဲ ကျောင်းပြင်ပ လူမှုပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆည်းပူးမှုရှိနေကြရမည်ဖြစ်သည်။ သို့မှသာ လူနေမှုဘဝအခြေအနေများကို သိရှိနားလည်ပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။ ပညာသင်ကြားရာတွင် အလွတ်ကျက်မှတ်လေ့လာ၍ ဖြေဆိုရန်မဟုတ်ဘဲ မိမိ၏ ကိုယ်ပိုင်လေ့လာဉာဏ်ဖြင့် စဉ်းစားတွေးခေါ် သင်ယူနိုင်စွမ်းနှင့် တီထွင်ဖော်ထုတ်နိုင်စွမ်းများ ရှိလာအောင် သင်ကြားပေးကြရမည်ဖြစ်သည်။ သို့မှသာ ပညာအခြေပြု လူ့အဖွဲ့အစည်းအဖြစ် ခန့်ညားထည်ဝါစွာ ရပ်တည်နေနိုင်မည်ဖြစ်သည်။

ယခုတလော အခြေခံပညာအထက်တန်းကျောင်းများတွင် ဉာဏ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပလျက်ရှိသည်ကို အားရဖွယ် တွေ့မြင်ရသည်။ ကျောင်းတွင်းဖွံ့ဖြိုးရေး၏ ဉာဏအထောက်အကူပြုသည့် ဤကဲ့သို့ နှုတ်မှုစွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်းသည် "ကိုယ်တိုင်လေ့လာမှုစွမ်းရည်" မြင့်မားမှုကို များစွာအထောက်အကူပြုသလို စိတ်ကူးစိတ်သန်း တီထွင်ဆန်းသစ်မှုအစွမ်း ဖြစ်ပေါ်မှုအတွက် များစွာအကျိုးပြုပါသည်။

ပညာရေးသည် မိမိ၏ဘဝအတွက် ကိုယ်ပိုင်စွမ်းအားဖြစ်နေမှသာ ပညာလေ့လာဆည်းပူးရကျိုးနပ်ပါမည်။ ပညာလေ့လာသင်ကြားခြင်းဖြင့် ကိုယ်ပိုင်စွမ်းရည်ရှိမှသာလျှင် စစ်မှန်သော စွမ်းအားဖြစ်ကြောင်းကို တရုတ်ရှေးဟောင်းတွေးခေါ်ပညာရှင် သုခမိန်ကြီးဖြစ်သူ လောင်ဆူက "တစ်ပါးသူများ၏အကြောင်းကို သိရှိနေခြင်းသည် ထက်မြက်သော အသိဉာဏ်သာဖြစ်ပြီး မိမိကိုယ်တိုင် သိမှသာလျှင် စစ်မှန်သောအသိပညာဖြစ်ကြောင်း၊ သင့်ကိုယ်သင် ဆရာလုပ်နိုင်ခြင်းသည်သာ စစ်မှန်သော စွမ်းအင်တန်ခိုးဖြစ်သည်"ဟု မိန့်ဆိုခဲ့သည်။

ပညာရည်နို့သောက်စို့နေကြသည့် ပျိုမျစ်နုနယ်မျိုးဆက်သစ်လူငယ်မောင်မယ်တို့သည် ပစ္စုပ္ပန်ကာလ၏ သားပျို သမီးပျိုများအဖြစ် ရပ်တည်နေကြသကဲ့သို့ အနာဂတ်သမိုင်း၏ ဖန်တီးရှင်များလည်း ဖြစ်နေကြသည်။ အနာဂတ်၏ကြယ်ပွင့်များဖြစ်ကြသည့် လူငယ်မောင်မယ်တို့၏ ဘဝကိုယ်စီတွင် အလှစွမ်းရည်များ ရှိနေကြသည်။ ထိုအလှစွမ်းရည်များကို မိမိတို့၏ တိုးတက်ရာ တိုးတက်ကြောင်း ဘဝကြေးမုံပြင်နှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် မှန်ကန်သော ရပ်တည်ချက်များဖြင့် ကြိုးစားအားထုတ်နေကြမှသာလျှင် တိုးတက်ပြောင်းလဲသော ပညာရိပ်မြုံ၌ ပွင့်သောပန်းတိုင်း လန်း၍ လန်းသောပန်းတိုင်း မွှေးပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။ ။






# ကချင်ပြည်နယ်အတွင်း မူလနေထိုင်ရာကျေးရွာများတွင် ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်





**နေပြည်တော် စက်တင်ဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ကချင်ပြည်နယ် အတွင်းရှိ ပြောင်းရွှေ့ပြည်သူများနှင့် မူလနေထိုင်ရာကျေးရွာများတွင် ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများနှင့်စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးဌာနအနေဖြင့် ပြောင်းရွှေ့ အိမ်ထောင်စုများအတွက် ယနေ့အချိန်ထိ စုစုပေါင်း ထောက်ပံ့ငွေကျပ် သိန်းပေါင်း ၂၅၅၀ ကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ထာဝရ ငြိမ်းချမ်းရေးရရှိပြီးသည်နှင့်တစ်ပြိုင်နက် မူလနေထိုင်ရာကျေးရွာများသို့ ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများနှင့်ပစ္စည်း များကို အဆင်သင့်ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ကချင်ပြည်နယ်အတွင်း များမကြာမီရရှိလာတော့မည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်အပြီး ပြောင်းရွှေ့ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာ အောင် သက်ဆိုင်ရာအစိုးရဌာနများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါ ကြောင်း၊ ပြောင်းရွှေ့ပြည်သူများနှင့် မူလနေထိုင်ရာကျေးရွာများသို့ ပြန်လည် နေထိုင်မည့် အိမ်ထောင်စုများအတွက် ငွေကျပ် ၆၄၃ ဒသမ ၆၇ သိန်းနှင့် မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်၊ ပူတာအိုခရိုင်အတွင်းရှိ စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများအတွက် ငွေကျပ် ၅၄၁ ဒသမ ၂၁ သိန်း စုစုပေါင်း ငွေကျပ် ၁၁၈၄ ဒသမ ၈၈ သိန်းထောက်ပံ့ပေးခြင်းသည် နိုင်ငံတော်သမ္မတကြီး ချမှတ်ထားသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင် ရွက်ရန်နှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက် ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့တွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေခြင်းပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ကချင် ပြည်နယ်အတွင်း လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လွယ်ဂျယ်မြို့ ကယ်ဆယ်ရေးစခန်းမှ မူလနေထိုင်ရာကျေးရွာများသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်မည့် အိမ်ထောင်စု ၃၃ စု၊ လူဦးရေ စုစုပေါင်း ၁၉၀ တို့အတွက် ဆန်ရိက္ခာဖိုး ၃ ဒသမ ၃၇ သိန်း၊ အိမ်ဆောက်ပစ္စည်းဖိုး ၂၁၄ ဒသမ ၅ သိန်း၊ ၇ ဒသမ ၀၆ သိန်းခန့်တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ ကျောင်းသားကျောင်းသူများအတွက် ၂ ဒသမ ၁၆ သိန်းခန့်တန်ဖိုးရှိသည့် ကျောင်းဝတ်စုံများ၊ ကယ်ဆယ်ရေးစခန်း ၁၀၁ ခုရှိ လူဦးရေစုစုပေါင်း ၄၃၃၇၈ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ၃၁၆ ဒသမ ၆၃ သိန်း၊ သွားလာရန်ခက်ခဲသောဒေသ များရှိ ပြောင်းရွှေ့ပြည်သူများအတွက် ကျပ်သိန်း ၁၀၀ ခန့်တန်ဖိုးရှိသော နှစ်ယောက်အိပ်ခြင်ထောင်များ၊ ဆေးဝါးများနှင့် အစားအစာ၊ မုန့်ကြွပ်များ စုစု ပေါင်း ကျပ် ၆၄၃ ဒသမ ၆၇ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မြစ်ကြီးနား မြို့နယ်အတွင်းရှိ ခရစ်ယာန်မျက်မမြင်ကျောင်းအတွက် ၄၅ ဒသမ ၆၅ သိန်း၊ အောင်တော်မူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၂ ဒသမ ၃၄ သိန်း၊ မေတ္တာရင်ခွင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၁ ဒသမ ၇၅ သိန်း၊ ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၅ ဒသမ ၇၂ သိန်း၊ မေတ္တာရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၂ သိန်း၊ ရန်အောင်မြင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်း၊ မေတ္တာ စိမ့်စမ်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်းနှင့် နေခြည် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၆ ဒသမ ၉၀ သိန်း၊ ဝိုင်းမော်မြို့နယ် အတွင်းရှိ ချမ်းမြေ့လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၁၉ ဒသမ ၅၀ သိန်း၊ တနိုင်းမြို့နယ်အတွင်းရှိ မေတ္တာမွန် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာအတွက် ၁၈ သိန်း၊ မြစ်ကြီးနားခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၆ ကျောင်းအတွက် ၉၆ သိန်း၊ ဗန်းမော်မြို့နယ်အတွင်းရှိ ရေရှင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၆ ဒသမ ၄၅ သိန်း၊ ညောင်ပင်သာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၀ ဒသမ ၉၀ သိန်းနှင့် ဗန်းမော်ဘိုးဘွားရိပ်သာအတွက် ၁၆ ဒသမ ၀၁ သိန်း၊ ဗန်းမော်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ၃၆ သိန်း၊ မိုးကောင်းမြို့နယ်အတွင်းရှိ သပြေပင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ အတွက် ၃၄ ဒသမ ၉၉ သိန်း၊ မိုးညှင်းခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ၃၆ သိန်း၊ ပူတာအိုခရိုင်အတွင်း ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း လေးကျောင်း အတွက် ၂၄ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၅၄၁ ဒသမ ၂၁ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးသိန်းအောင် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်စစ်တွေမြို့သို့ ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ရခိုင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်နှင့်အတူ စက်ရုံစုဒုက္ခသည် စခန်းသို့ ရောက်ရှိပြီး ဆေးပေးခန်း တည်ဆောက်နေမှုနှင့် စာသင်ကျောင်း ခန်းအား ကြည့်ရှုကာ ဒုက္ခသည်စခန်း ခန်းမဆောင်တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအနေဖြင့် ရေတိုရေရှည် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆတ်ရိုးကျဒုက္ခသည် စခန်းရှိ တည်ဆောက်လျက်ရှိသော ဆေးပေးခန်းနှင့် တည်ဆောက်ပြီးဖြစ် သော မောင်နီပြင်ဆေးခန်းတို့ကို ကြည့်ရှု၍ တာဝန်ခံဆရာဝန်၊ ဆရာမ များနှင့်တွေ့ဆုံကာ ဆေးခန်းအဝင် အထွက်လမ်းအား ပြုပြင်ရန်နှင့်ဆေး ခန်းအတွက်လိုအပ်သော ခုတင်နှင့် ပရိဘောဂများ ဖြည့်ဆည်းပေးရန် မှာကြားသည်။

စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် အား သွားရောက်တွေ့ဆုံ၍လူမှု စီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ ဆောင်ရွက်ချက်များ၊ ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်း၊ စစ်တွေစက်မှုဥယျာဉ်မြို့တော် တည် ဆောက်ရေးလုပ်ငန်းများအား ဆွေး နွေးခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ အစည်းအဝေးခန်းမ၌ ရခိုင် ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုး တက်ရေး လုပ်ငန်းကော်မတီ များနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက် ထားရှိမှု ရေတိုရေရှည်ဆောင်ရွက်မှု နှင့် Development Plan ရေးဆွဲ ရေးကိစ္စရပ်များနှင့် မျိုးစပါးဖြန့်ဝေ ခြင်း၊ လယ်ယာများထွန်ယက်ပေးခြင်း၊ ရေကန်များတူးဖော်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ပေးခြင်း၊ ငါးဖမ်းရန်အတွက်လိုအပ်သော လှေ၊ စက်တပ်လှေနှင့် ငါးဖမ်းပိုက်များ ဖြည့်ဆည်းပေးရေး၊ ဓာတ်မြေဩဇာ ဖြန့်ဖြူးပေးရေး စသည်တို့ကို ပြည်နယ်/ခရိုင်/မြို့နယ်များမှ တာဝန် ရှိသူများနှင့် အပြန်အလှန် အချိတ် အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ကြ ရန်နှင့် မိမိတို့တာဝန်ယူရမည့်အပိုင်း ကို အလေးအနက်ထားဆောင်ရွက် ကြရန် ဆွေးနွေးခဲ့သည်။

ယင်းနောက် ရခိုင်ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံတော်မှ Third Wave လုပ်ငန်း စဉ်အရ အရှိန်အဟုန်မြှင့်ဆောင်ရွက် နေသကဲ့သို့ မိမိဝန်ထမ်းများမှလည်း မိမိတို့၏တာဝန်သိမှု၊ တာဝန်ယူမှုအား အလေးထား ဆောင်ရွက်ရန်နှင့် ရခိုင်ပြည်နယ် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Agency အဖွဲ့များဖွဲ့စည်းကာ အချိန် နှင့်တစ်ပြေးညီ မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့အား One Stop Service ဖြင့် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး အလေးအနက် ထားဆောင်ရွက်ရန်တို့အား ဆွေးနွေး မှာကြားကာ ဝန်ထမ်းများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန် လည်ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် သက္ကယ်ပြင်ဘင်္ဂါလီ ဒုက္ခသည်စခန်း၊ ဆေးရုံကွပ်ကဲမှုရုံးနှင့် ခေါင်းဒုက္ကာဘင်္ဂါလီဒုက္ခသည်စခန်း များကို ကြည့်ရှုစစ်ဆေး၍ တာဝန် ရှိသူများနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ် အတွင်း နေထိုင်သူများအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုး တိုးတက်မှုများ နှောင့်နှေးနိုင်ကြောင်း နှင့် မကြာမီအချိန်အတွင်း ပုဏ္ဏား ကျွန်းစက်မှုဇုန်နှင့် စစ်တွေစက်မှုဇုန် ဥယျာဉ်မြို့တော်ပေါ်ပေါက်လာပါက အလုပ်အကိုင်အခွင့်အလမ်းရရှိကာ ရခိုင်ပြည်နယ်မှာ မကြာမီအချိန် အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ရရှိမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဒုက္ခသည် စခန်းများမှ လိုအပ်ချက်များတင်ပြ ချက်အပေါ် ဌာနဆိုင်ရာများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**○မြန်မာအသင်းမှ**

အုပ်စုခွဲဝေထားမှုအရမြန်မာအသင်းမှာ အုပ်စု(က)တွင် ထိုင်း၊ အင်ဒိုနီးရှားတို့နှင့်အတူ ပါဝင်နေပြီး အုပ်စု(ခ)တွင် ဩစတြေးလျ၊ ဂျပန်နှင့် ဗီယက်နမ်တို့ ပါဝင်လျက်ရှိသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာရှခြေစစ်ပွဲအောင် အသင်းများဖြင့်သာ ကျင်းပခြင်းဖြစ်ပြီး အာရှထိပ်သီးဂျပန် အသင်းကို အထူးဖိတ်ကြားထားကာ ယှဉ်ပြိုင်စေခြင်းဖြစ် သည်။ မြန်မာ ယူ-၁၉ အသင်းသည် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအတွက် အဓိက ပြင်ဆင် နေခြင်းဖြစ်ပြီး ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် အောင်မြင် မှုရရှိခဲ့သည့်အသင်းကို အခြေခံကာ ယှဉ်ပြိုင်ခြင်းလည်း ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် အာဆီယံယူ-၁၉ ပြိုင်ပွဲ မတိုင်မီ ထိုင်းနိုင်ငံ ဖူးခက်သို့သွားရောက်ရန် လေ့ကျင့်မှု များပြုလုပ်ခဲ့ပြီး ဩဂုတ် ၃၁ ရက်က အာရှအားကစား ပြိုင်ပွဲဝင်မည့် ထိုင်း ယူ-၂၃ အသင်းနှင့်ခြေစမ်းကစားခဲ့ရာ ရှစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ ပွဲပန်းခရီးပန်း ဖြစ်နေသည့်အတွက် မြန်မာယူ-၁၉ အသင်းမှာ ထိုင်း ယူ-၂၃ အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အာဆီယံယူ-၁၉ ပြိုင်ပွဲ ကို အာဆီယံဒေသတွင်း နိုင်ငံများအပြင် အာရှထိပ်သီး နိုင်ငံများလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အာရှ ယူ- ၁၉ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ကြိုးပမ်းနေသည့် မြန်မာယူ-၁၉ အသင်းအတွက် အတွေ့အကြုံကောင်းများ ရရှိစေမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၁ရက်နှင့် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင် ဘာ ၁၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ မြန်မာ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၇ ရက် တွင် ထိုင်းအသင်း၊ စက်တင်ဘာ၉ ရက်တွင် အင်ဒိုနီးရှား အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး



# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် စက်တင်ဘာ ၂**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (25th ASEAN SUMMIT)ကို နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း ပြည်ပ သတင်းထောက်များအနေဖြင့် www.asean2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ (25th ASEAN SUMMIT)ကို နှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၁၅ ရက်နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ နေပြည်တော်ရှိ Sky Palace Hotel ၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှ တစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်း၊ အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန ဖုန်း- ၀၆၇-၄၁၂၂၂၇နှင့် ၄၁၂၀၅၇ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း- ၀၆၇-၄၁၂၀၂၅ နှင့် ၄၁၂၀၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်ပညာရေးတက္ကသိုလ် ရွှေရတုအထိမ်းအမှတ်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်ပညာရေးတက္ကသိုလ်၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းကပ်လှူခြင်း၊ မွန်းလွဲပိုင်းတွင် ကျောင်းသားဟောင်းများ၏ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ညနေပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် မိတ်ဆုံညစာစားပွဲကျင်းပခြင်း စသည့် အစီအစဉ်များကို နှစ် (၅၀) ပြည့် ရွှေရတုနေ့ ကျရောက်သည့် အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အမိတက္ကသိုလ်၏ နှစ် (၅၀) ပြည့် မွေးနေ့အလှူနှင့် ဂုဏ်ပြုမိတ်ဆုံညစာစားပွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပြီး မိတ်ဆုံညစာစားပွဲ လက်မှတ်များကိုလည်း စတင်ဝယ်ယူအားပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတဓာတ်အား ခွဲရုံ၏ 66KV သာကေတ-ကျိုက္ကဆံ ဓာတ်အားလိုင်းအား စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မြင်းပြိုင်ကွင်းလမ်းရှိ ကညန ခြံဝင်းနှင့် အမှတ်(၁၉၂) ကြားရှိ ညောင်ပင်သည် အန္တရာယ်ရှိသည့် အခြေအနေတွင် ရှိနေပါသဖြင့် သစ်ပင်သစ်ကိုင်းများခုတ်ရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် 66KV သာကေတ-ကျိုက္ကဆံ ဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးထားသော သဃ်န်းကျွန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်များတွင် စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ သုံးနာရီကြာ ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။ ဓာတ်အားပြတ်တောက်မှုကြောင့် ပြည်သူများမှ လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်နိုင်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)**

# အင်းလေးကန်အတွင်း သဘာဝပစ္စည်းသုံး ကျွန်းမျောခရမ်းချဉ်စိုက်ခင်းများ ထူထောင်စိုက်ပျိုး



သတင်းနှင့်ဓာတ်ပုံ - နေမျိုးသူရိန်

ညောင်ရွှေ စက်တင်ဘာ ၂

**အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သဘာဝပစ္စည်းသုံး ကျွန်းမျောခရမ်းချဉ်စိုက်ခင်းများကို ထူထောင်၍ စိုက်ပျိုးပြသလျက်ရှိကြောင်း သိရသည်။**

အင်းလေးကန်အတွင်းရှိ ကျွန်းမျောခရမ်းချဉ်စိုက်တောင်သူများသည် ခရမ်းချဉ်ပင် စိပ်စိပ်စိုက်ခြင်းကို ဆောင်ရွက်လေ့ရှိသဖြင့် ပိုးမွှားရောဂါကျရောက်မှု ပိုမိုများပြားကြောင်း၊ ဓာတုပိုးသတ်ဆေး၊ မှိုသတ်ဆေးပိုမိုသုံးစွဲရခြင်း၊ ဓာတ်မြေဩဇာ ပိုမိုသုံးစွဲရခြင်းကြောင့် အင်းလေးကန်၏ ရေအရည်အသွေးကို ကျဆင်းစေကြောင်း၊ စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ပင်ကြားအကွာအဝေး ၁၂ လက်မထက်မစိပ်ဘဲ စိုက်ပျိုးရန် စိုက်နည်းစနစ် မှန်ကန်ရေးအတွက် စံပြစိုက်ခင်းများ ထူထောင်၍ စိုက်ပျိုးပြသလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပြောသည်။

တောင်သူများ သဘာဝပစ္စည်းသွင်းအားစုများကို ကိုယ်တိုင်ထုတ်လုပ်အသုံးပြုနိုင်ရန် ပညာပေးဆွေးနွေးခြင်း၊ နှစ်ရှည်စားသုံးသီးပင်များ ပျိုးထောင်ဖြန့်ဖြူးခြင်း၊ ကွန်တိုကန်သင်းကန့်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သဘာဝပစ္စည်းအသုံးပြု ကျွန်းမျောခရမ်းချဉ်စံပြစိုက်ခင်းများကို ကေလာကျေးရွာနှင့် ငါးဖယ်ချောင်းကျေးရွာတို့တွင် စိုက်ပျိုးထားရှိကြောင်း၊ သွင်းအားစုများအဖြစ် တမာကြိတ်ဖတ်၊ လင်းနို့ချေး၊ တမာဆီ၊ အီးအမ်-၅ နှင့် တီဆေးရည် စသည့် ပစ္စည်းများကို သုံးစွဲလျက်ရှိကြောင်း သိရသည်။

သဘာဝပစ္စည်းသုံး ကျွန်းမျောခရမ်းချဉ်စိုက်ခင်းများသည် ဓာတုဘက်စုံသုံး ခရမ်းချဉ်စိုက်ခင်းများကဲ့သို့ အထွက်နှုန်းမမီသော်လည်း ဓာတုဓာတ်ကြွင်းနည်းသော သီးနှံထုတ်လုပ်မှုကို ရရှိစေပြီး သွင်းအားစုကုန်ကျစရိတ်သက်သာကြောင်း၊ ခရမ်းချဉ်ဈေးကောင်းမရသည့် နှစ်များတွင် တောင်သူများ အရှုံးသက်သာစွာခံစားရကြောင်း၊ သဘာဝပစ္စည်းသုံး ခရမ်းချဉ်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးလာပါက အင်းလေးကန်၏ ရေအရည်အသွေးကို မြင့်မားအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သဘာဝပစ္စည်းအသုံးပြု ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူများက ဆိုသည်။

အင်းလေးကန်အတွင်း ကျွန်းမျောခရမ်းချဉ် စိုက်ဧကပေါင်း ၅၉၂၀ ဧကရှိပြီး **(အပေါ်ပုံ)** စိုက်ပျိုးသူတောင်သူပေါင်း ၆၅၆ ဦးရှိကြောင်း သိရသည်။

# မော်လမြိုင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားရောင်းချသူတစ်ဦးထံမှ ဆေးပြားများနှင့် ယင်းနေအိမ်၌ သုံးစွဲနေသူများကို ဖမ်းဆီးရမိ

**မော်လမြိုင် စက်တင်ဘာ ၂**

မော်လမြိုင်မြို့ မောင်ငံရပ်ကွက်ရှိနေအိမ်တစ်အိမ်တွင် မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀ နှင့် ယင်းနေအိမ်၌ မူးယစ်ဆေးဝါးသုံးစွဲနေသူများကို စက်တင်ဘာ ၁ ရက် က ဖမ်းဆီးရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု (၃၈)မှ ဒု-ရဲမှူး နိုင်ထန်းမနား ဦးစီးတပ်ဖွဲ့ဝင်များ၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ အကူတပ်ဖွဲ့ခွဲမှ ဒု-ရဲအုပ် စည်သူကျော်၊ မော်လမြိုင်ခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ် ကျော်နီထွန်း၊ မုပွန်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် ကံရွှင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီတွင် မော်လမြိုင်မြို့ မောင်ငံရပ်ကွက် နယ်မြေ(၁)တောင်ဝိုင်းလမ်းနေ စန်းထိုက်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဆံရှည်(ခ)ထွန်းထွန်း(၂၆)နှစ်(အရောင်းအဝယ်လုပ်) ရော်ဘာနီကုန်းရပ်ကွက် ပိန္နဲကုန်းကျေးရွာ ကျိုက်မရောမြို့နယ်နှင့် အောင်ကိုဇင်(၂၉) နှစ် (ယာဉ်မောင်း)(အမှတ်-၆၆/စီ) ရတနာလမ်း ညောင်ဝိုင်းရပ် မရမ်းကုန်းရပ်ကွက် မော်လမြိုင်မြို့တို့အား တွေ့ရှိရပြီး ၎င်းတို့ သုံးဦးရှေ့ရှိ ခုတင်ဘေး၌ အမြင့် ခြောက်လမခန့်ရှိ ပလတ်စတစ် အကြည်ရောင်အအေးဘူးတွင် အဝါရောင်ပိုက်နှင့် စတီးသံပိုက်တပ်ဆင်ပြုလုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြု ကိရိယာတစ်ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သက်သေများနှင့်အတူ ရှာဖွေတွေ့ရှိပြီး အောင်ကိုဇင်နှင့် ဆံရှည်(ခ)ထွန်းထွန်းတို့က စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရန်အတွက် ရောက်ရှိနေကြောင်း ပြောပြီးဆံရှည်(ခ)ထွန်းထွန်း ကိုင်ဆောင်သည့် ဆင်းကတ်နှစ်ခုထည့်လျက် Hello တံဆိပ်ပါ အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်းမောင်းနှင်လာသည့် TOYOTA MARK II အမျိုးအစား ခဲဖြူရောင် ၅ဂ/---(လိုင်စင်မဲ့) ယာဉ်တစ်စီး၊ အောင်ကိုဇင် စီးနင်းလာသည့်



နံပါတ်မပါ HANSHE အမျိုးအစား ဖြူ/မည်းရောင် တရုတ်နိုင်ငံလုပ် ဆိုင်ကယ်တစ်စီးတို့ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ထို့နောက် စန်းထိုက်၏နေအိမ် အိပ်ခန်းအတွင်းရှာဖွေရာ ခုတင်အောက်မှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိပ်အတွင်းထည့်ထားသောWY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ (အလေးချိန် ၁၃ ဂရမ်ခန့်) နှင့် ခုတင်ခြေရင်းရှိ mosquito Trap တံဆိပ်ပါ ခြင်ဖမ်းစက် အတွင်းသို့ သိမ်းဆည်းထားသည့် အနက်ရောင်တိပ်ဖြင့် ပတ်ထားသော အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်အတွင်း ထည့်ထားသော တစ်ထုပ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပါ သုံးထုပ်အတွင်းမှ ဆေးပြား ၅၇၀ ပြား (အလေးချိန် ၅၇ ဂရမ်)ခန့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀ (အလေးချိန် ၇၀ ဂရမ်)အား သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ စန်းထိုက်အား စစ်ဆေးမေးမြန်းရာ ယင်းဆေးပြားများကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီခွဲခန့်က ဆံရှည်(ခ)ထွန်းထွန်းက စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ တစ်ထုပ်အား ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် လာရောက်ပို့ဆောင်ခဲ့ပြီး စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ စီပါ သုံးထုပ်ကို တစ်ထုပ်လျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် ထပ်မံလာရောက်ရောင်းချခဲ့သော ဆေးပြားများဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့က စန်းထိုက်၏ နေအိမ်အပေါ်နောက်ဖေးထမင်းစားခန်းအတွင်း၌ မင်းအောင် (၁၉) နှစ်(ကျပန်းလုပ်)(အမှတ်-၁၆/အေ) ပဲခူးချောင်ရပ် ရွှေမြိုင်သီရိရပ်ကွက် မော်လမြိုင်မြို့နှင့် ပြည့်ဟန်(ခ)စုနိုင်(၂၄) နှစ်(အရောင်းအဝယ်လုပ်)အမှတ်(၁၉) ပဲခူးချောင်ရပ် ရွှေမြိုင်သီရိရပ်ကွက် မော်လမြိုင်မြို့ တို့နှစ်ဦးအား WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား တစ်ပြားလျှင် အလေးချိန် သုည ဒသမ ၁ ဂရမ်ခန့်၊ Coca Cola တံဆိပ်ပါ အကြည်ရောင်ပလတ်စတစ်အချိုရည်ဘူးတွင် ပိုက်တပ်ဆင်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာ၌ အသုံးပြုသော ကိရိယာများနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲနေစဉ် သက်သေများနှင့် တွေ့ရှိရပြီး အဆိုပါ နေအိမ်ရှေ့တွင် ၎င်းတို့စီးနင်းလာသည့် ထိုင်းနိုင်ငံလုပ်ဒရင်းအမျိုးအစား ငှက်ခါးရောင် ၁၃ယ/---- ဆိုင်ကယ်တစ်စီးတို့ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ပူးပေါင်းအဖွဲ့က ၎င်းတို့နှစ်ဦးအား စစ်ဆေးရာ စန်းထိုက်၏နေအိမ်သို့ ယင်းနေ့မွန်းလွဲ ၂ နာရီ ၃၅ မိနစ်က ရောက်ရှိလာပြီး စန်းထိုက်ထံက ဆေးပြားနှစ်ပြားကို တစ်ပြားလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ဝယ်ယူပြီး သုံးစွဲနေစဉ် ဖမ်းဆီးခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

အမှုအား မုပွန်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သိန်းလှိုင်(မော်လမြိုင်)**

# စိတ်ကျရောဂါဝေဒနာရှင် အက်စစ်ရည်သောက်၍သေဆုံးမှု ဖျာပုံမြို့နယ်တွင် ဖြစ်ပွား

**ဖျာပုံ စက်တင်ဘာ ၂**။ဖျာပုံမြို့နယ် ခြောက်အိမ်တန်းကျေးရွာ၌ ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီခန့်က အမျိုးသမီးတစ်ဦး အက်စစ်ရည်သောက်မိ၍ သေဆုံးသွားကြောင်း သတင်းရရှိသဖြင့် ဖျာပုံမြို့မရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ် မျိုးသီဟနှင့်အဖွဲ့သည် အသိသက်သေများ နှင့်သွားရောက်စစ်ဆေးရာ ဖျာပုံမြို့နယ်ခြောက်အိမ်တန်းကျေးရွာနေ စိတ်ကျဝေဒနာရှင် ဒေါ်စန်းယု (၄၆)နှစ်သည် ရောဂါဖောက်ပြန်လာသဖြင့် အက်စစ်ရည်ကို သောက်မိရာက သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ဖျာပုံမြို့မရဲစခန်းက သေမှုသေခင်းအမှတ် (၂၀/၂၀၁၄) ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိသည်။ **(ပုသိမ်လှကြည်)**

# The Voice တွင် မြင်တွေ့ရဦးမည့် တေလာဆွတ်ဖ်



ကန်းထရီးတေးသံရှင် တေလာဆွတ်ဖ်က အမေရိကန် The Voice သီချင်းဆိုပြိုင်ပွဲတွင် အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ပါဝင်ရန် သဘောတူလက်မှတ်ရေးထိုးထားကြောင်းသိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တေးသံရှင် တေလာဆွတ်ဖ်သည် The Voice သီချင်းဆိုပြိုင်ပွဲ၏ 7 season တွင် ပါဝင်သွားမည်ဖြစ်ပြီး ယင်းအတွက် အမှန်တကယ် ပင်ကျေနပ်မိပါကြောင်း၊ ၎င်းအနေဖြင့် ပြိုင်ပွဲဝင်များအားလုံးအတွက် အကောင်းဆုံးသောတုံ့ပြန်မှုများပေးသွားမည်ဖြစ်ကာ အံ့သြထူးခြားသည့် ညွှန်ပြသူတစ်ဦးဖြစ်အောင်လည်း ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် တေလာဆွတ်ဖ်၏ မကြာမီကထွက်ရှိခဲ့သည့် ပဉ္စမမြောက်အယ်လ်ဘမ်သစ်မှ Shake It Off သီချင်းသည် ဘီလ်ဘုတ်၏ Hot 100 သီချင်းများစာရင်းတွင် ထိပ်တန်းမှရပ်တည်နိုင်ခဲ့သည်။

# ၂၀၁၄ ခုနှစ်အတွင်း အကောင်းဆုံးဇာတ်ကားတစ်ကားဖြစ်လာခဲ့သည့် Guardians of the Galaxy

လွန်ခဲ့သည့်လပိုင်းက မာဘယ်၏အမည်တူဝတ္ထုကို ဝေါ့ထ်ဒစ်စနီစတူဒီယိုမှ ဖြန့်ချိခဲ့သည့် Guardians of the Galaxy စူပါဟီးရိုးသိပ္ပံဇာတ်ကားသည် ယခုလက်ရှိအချိန်ထိ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇၅ သန်းကျော်ရရှိခဲ့ပြီး ယခုအချိန်ထိ ၂၀၁၄ ခုနှစ်အတွင်း အကောင်းဆုံးဇာတ်ကားတစ်ကားအဖြစ် ရပ်တည်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် ယခုနှစ် ဧပြီလဆန်းပိုင်းကထွက်ရှိခဲ့သည့် အမေရိကန်စူပါဟီးရိုးဇာတ်ကားတစ်ကားဖြစ်သည့် Captain America ဇာတ်ကားကလည်း ဒုတိယအကောင်းဆုံးဇာတ်ကားအဖြစ်ရပ်တည်လျက်ရှိကာ ကွန်ပျူတာအန်နီမေးရှင်းဟာသဇာတ်ကား Lego က တတိယနေရာနှင့် Transformers ဇာတ်ကားသစ်က စတုတ္ထနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

အဆိုပါ Guardians of the Galaxy ဇာတ်ကားသည် စတင်ထွက်ရှိချိန်ကတည်းက ၎င်း၏အရင် ဇူလိုင်လက ထွက်ရှိခဲ့သည့် နင်ဂျာဇာတ်ကားသစ် Teenage Mutant Ninja Turtles ကို ကျော်ဖြတ်ကာ ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ပြီး ယင်း၏နောက်ဆက်တွဲကို ၂၀၁၇ ခုနှစ်တွင်ဖြန့်ချိသွားဖွယ်ရှိကြောင်း သိရသည်။

**မျိုးစန္ဒာမောင်-စုစည်းသည်**

# ပဲခူးတက္ကသိုလ် ပန်းချီသင်တန်းဆင်း

**ပဲခူး စက်တင်ဘာ ၂**

ပဲခူးတက္ကသိုလ်ပန်းချီသင်တန်းဆင်းပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပဲခူးတက္ကသိုလ် သုံးထပ်စာကြည့်တိုက် မြေညီထပ်၌ စက်တင်ဘာ ၁ ရက်နံနက်က ကျင်းပရာ**(အောက်ယာပုံ)** ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာ ကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး ခေတ္တ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပန်းချီသင်တန်း နည်းပြဆရာကြီးများ၊ ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် သင်ကြားစီမံ ပါမောက္ခ(ဌာနမှူး)များ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ လူမှုရေးဝန်ကြီးနှင့် ပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ပန်းချီကားများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ၎င်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပန်းချီပညာရှင်များက ပေးအပ်သော အကောင်းဆုံးပန်းချီကားဆုရရှိသူ မယဉ်ယဉ်မွေး ဒုတိယနှစ် သတ္တဗေဒအထူးပြု (၂-သတ-၆)အား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ ပရိသတ်များက ပေးအပ်သော အကောင်းဆုံးပန်းချီကားဆုရရှိသူ မချိုချိုဝင်း တတိယနှစ် အင်္ဂလိပ်စာအထူးပြု (၃-အ-၉၃) အား လူမှုရေးဝန်ကြီးကလည်းကောင်း၊ တက္ကသိုလ်/ကောလိပ်ပေါင်းစုံပန်းချီ(ပေးပို့)ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့ကြသော မကေဘီခိုင်(၁-သတ-၇၉)၊ မခင်ထက်ထက်ကျော် (၁-သ-၃၃)၊ မစိုးမြတ်နိုင် (၁-သတ-၈၀)တို့အား ပါမောက္ခချုပ်ကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပန်းချီနည်းပြဆရာများအား အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာနိုင်နိုင်အေး (ပါမောက္ခ/ဌာနမှူး-ဒဿနိကဗေဒ)က အမှတ်တရ ဂုဏ်ပြုလွှာများကို ပေးအပ်ခဲ့သည်။ ယင်းပန်းချီသင်တန်းကို ဇွန် ၁၇ ရက်မှ ဩဂုတ် ၂၉ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး ပန်းချီပညာရှင် ဦးယုစိန်(တရားလွှတ်တော်ရှေ့နေ)နှင့် ဦးအောင်မိုးတို့က သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ **(၆၉၉)**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



# မန်ယူတိုက်စစ်မှူး ဒန်နီဝဲလ်ဘက်အား ပေါင် ၁၆ သန်းဖြင့် အာဆင်နယ်ခေါ်ယူ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက် မန်ယူအသင်းမှ တိုက်စစ်မှူး ဝဲလ်ဘက်အား ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။ တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်သည် မန်ယူအသင်းတွင် ပွဲပေါင်း ၁၄၂ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၂၉ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ၂၀၁၁ ခုနှစ်မတ်လက ကစားခဲ့သည့် ဂါနာနှင့်ပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့်အတူ စတင်ပွဲထွက်ကစားခဲ့ပြီး အင်္ဂလန်အသင်းအတွက် ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်သည် အသက်(၈)နှစ်ရွယ်မှစတင်ကာ မန်ယူအသင်း၏ ဘောလုံးအကယ်ဒမီသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ဆန်းဒါးလန်းအသင်းတွင်လည်း အငှားသွားရောက်ကစားခဲ့သူဖြစ်သည်။ ထို့ကြောင့် ဆန်းဒါးလန်းအသင်းက တိုက်စစ်မှူးဒန်နီဝဲလ်ဘက်အား အသင်းသို့ပြန်လည်ခေါ်ယူရန် ပစ်မှတ်ထားခဲ့သည့်အပြင် စပါးအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

သို့ရာတွင် တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်အနေဖြင့် အာဆင်နယ်အသင်းတွင် ကစားရန်ဆန္ဒရှိနေခြင်းနှင့် အာဆင်နယ်အသင်း၏ တိုက်စစ်မှူး အိုလီဗာဂီရောက်သည် ခြေထောက်ကျိုးဒဏ်ရာပြဿနာကြောင့် လေးလကြာ အနားယူရမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် တိုက်စစ်မှူးဟာနန်ဒက်ဇ်အား ရီးယဲလ်မက်ဒရစ်အသင်းသို့ အငှားဖြင့် သွားရောက်ကစားခွင့်ပြုခဲ့ပြီးနောက် တိုက်စစ်မှူးဒန်နီဝဲလ်ဘက်သည် ယခုနွေရာသီအပြောင်းအရွှေ့ကာလ၏ အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းသည့်ရက်တွင် မန်ယူအသင်းမှ ထွက်ခွာခဲ့သည့်ဒုတိယမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။ [ငွေကြယ်]



# မန်စီးတီးတိုက်စစ်မှူး နီဂရီဒို ဗလင်စီယာသို့ ပြောင်းရွှေ့ကစားမည်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ စပိန်တိုက်စစ်မှူး နီဂရီဒိုသည် နွေရာသီအပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီအတွင်း စပိန်ထိပ်သီးကလပ် ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်းသိရသည်။ နီဂရီဒိုမှာ ယခုနှစ်ဘောလုံးရာသီမစတင်မီအချိန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း အသင်း၏ရာသီကြိုခြေစမ်းပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့၍ ၎င်း၏အပြောင်းအရွှေ့မှာဖြစ်မြောက်လာခဲ့ခြင်းမရှိပေ။ ထို့ပြင် မန်စီးတီးအသင်းမှာလည်း နိုင်ငံခြားသားကစားသမားတစ်ဦးကို မဖြစ်မနေရောင်းထုတ်သွားရန်စီစဉ်ထားကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့သလို လက်ရှိအချိန်တွင်မူ နီဂရီဒို အား ဗလင်စီယာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။ နီဂရီဒိုမှာ ဆီဗီလာအသင်းမှ မန်စီးတီးအသင်းသို့ ၂၀၁၃ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိသလို ပုံမှန်ပွဲထွက်ခွင့်ရရှိရန်ရုန်းကန်ခဲ့ရသည်။ ထို့ကြောင့် နီဂရီဒိုမှာ အသင်းပြောင်းရွှေ့ရန်ဆန္ဒရှိနေကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဗလင်စီယာအသင်းက တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ပါက အပြီးသတ်ခေါ်ယူသွားဖွယ်ရှိကြောင်းသိရသည်။ [ကိုရဲ]



# အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံတက္ကသိုလ်များ ဘောလုံးအသင်း ပဏာမလူရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ပါလမ်ဘန်မြို့၌ ဒီဇင်ဘာ ၉ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတက္ကသိုလ်များ ဘောလုံးအသင်းအတွက် ပဏာမလူရွေးချယ်ပွဲကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရန်ကုန်မြို့ တက္ကသိုလ်များဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါလူရွေးချယ်ပွဲသို့အထက်မြန်မာပြည်တက္ကသိုလ်များ လက်ရွေးစင်(က)၊ (ခ)အသင်းနှင့် အောက်မြန်မာပြည်တက္ကသိုလ်များ လက်ရွေးစင်(က)၊ (ခ)အသင်း စုစုပေါင်း လေးသင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပဏာမလက်ရွေးစင် ၃၀ ကို ရွေးချယ်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော တက္ကသိုလ်အသီးသီးမှ အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ [စိုးစိုး]

# ယခုနွေရာသီအပြောင်းအရွှေ့၏ ဈေးအကြီးဆုံးကစားသမား ၁၀ ဦး

ယခုနှစ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်ကတော့ ပိတ်သိမ်းသွားပါပြီ။ ထိုသို့ ဈေးကွက်ပိတ်သိမ်းလိုက်ပြီးနောက် အပြောင်းအရွှေ့ဈေးကွက်တွင် ဈေးအကြီးဆုံးကစားသမား ၁၀ ဦးစာရင်း ထွက်ပေါ်ခဲ့သည်။ အဆိုပါကစားသမား ၁၀ ဦးမှာ (၁)လူးဝစ်ဆွာရတ်ဇ်၊ (၂)ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ (၃)ဒီမာရီယာ၊ (၄)ဒေးဗစ်လူးဝစ်ဇ်၊ (၅)မန်ဂါလာ၊ (၆)ဒီယေဂိုကော်စတာ၊ (၇)အလက်ဇစ်ဆန်းချက်ဇ်၊ (၈)လုခ်ရှော၊ (၉)ဟာရဲရားနှင့် (၁၀)ဖာဘရီဂတ်စ်တို့ ဖြစ်သည်။



ဆွာရတ်ဇ်သည် ပြောင်းရွှေ့ကြေး ယူရို ၈၈ သန်းဖြင့် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ပြီး ရိုဒရီဂွက်ဇ်မှာမူ ယူရို သန်း ၈၀ ဖြင့် မိုနာကိုအသင်းမှ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်။ ဒီမာရီယာသည် ယူရို၇၅ သန်းဖြင့် ရီးယဲလ်မက်ဒရစ်မှ မန်ယူသို့ ပြောင်းလာခဲ့ခြင်းဖြစ်ပြီး ဒေးဗစ်လုဇ်မှာ ယူရို ၄၉ ဒသမ ၅ သန်းဖြင့် ချယ်လ်ဆီးမှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

မန်ဂါလာမှာ ယူရို ၄၄ ဒသမ ၅ သန်းဖြင့် ပေါ်တိုအသင်းမှ မန်စီးတီးသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ဒီယေဂိုကော်စတာမှာ ယူရို ၄၄ သန်းဖြင့် အက်သလက်တီကိုမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ဆန်းချက်ဇ်မှာ ယူရို သန်း ၄၀ ဖြင့် ဘာစီလိုနာမှ အာဆင်နယ်သို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

လုခ်ရှောမှာ ယူရို၃၇ ဒသမ ၈ သန်းဖြင့် ဆောက်သမ်တန်မှ မန်ယူသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ဟာရဲရားမှာ ယူရို ၃၆ ဒသမ ၅ သန်းဖြင့် ဘီဘာအိုမှ မန်ယူသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဖာဘရီဂတ်စ်မှာမူ ယူရို ၃၆ သန်းဖြင့် ဘာစီလိုနာမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။ [နိုင်လင်းကြည်]


## တေဇ(၂၄) ကျောင်းဆင်းအရာရှိများသို့ ဖိတ်ကြားလွှာ

တေဇ(၂၄)ကျောင်းဆင်းအရာရှိများ၏ (၁၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အလှူဒါနပြုပြီး သေဆုံး/ကျဆုံးသူငယ်ချင်းများအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းနှင့် မိသားစုမိတ်ဆုံညစာစားပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများတက်ရောက်ကြပါရန် ရင်းနှီးခင်မင်စွာ ဖိတ်ကြားအပ်ပါတယ်-

အလှူဒါနပြုလုပ်ခြင်းနှင့်ဆရာများအားကန်တော့ခြင်း။ “ရွှေဘုန်းရိပ်ပရိယတ္တိစာသင်တိုက်”
၁၃-၉-၂၀၁၄ရက် နံနက် ၁၀နာရီ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရဟန်းသာမဏေများအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ငွေပဒေသာပင်လှူဒါန်းခြင်းနှင့် ဆရာများအား ကန်တော့ခြင်း

မိတ်ဆုံညစာစားသုံးခြင်း “ကုန်းမြင့်သာ စားသောက်ဆိုင်”
၁၃-၉-၂၀၁၄ရက် ညနေ ၅နာရီ

ဆက်သွယ်ရန်
ရန်ကုန် -လွင်ဦး ဖုန်း-၀၉-၇၃၀၃၀၀၆၊ ကျော်သူရ ဖုန်း-၀၉-၇၃၁၄၃၅၀၅၊ ဝင်းထွေးအောင် ဖုန်း-၀၉-၄၃၁၀၆၃၂၈
မန္တလေး -လှိုင်မျိုးဦး ဖုန်း-၀၉-၅၂၈၀၂၀၇၊ မြတ်သူအောင် ဖုန်း-၀၉-၂၀၀၀၇၉
နေပြည်တော် -အောင်မြတ်သူ ဖုန်း-၀၉-၅၀၂၄၈၉၅



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Mariestopes International Myanmar မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့မှ အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသည်။
ပစ္စည်းအမျိုးအမည်
Objective : To Purchase Vehicle 7 Unit
Description : Town Ace Light Truck or any Light Truck brand or pickup or Double cup (any brand).

တင်ဒါ form နှင့် လိုအပ်သောအချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရယူစုံစမ်းနိုင်ပါသည်။

ဦးစောရိုလန်၊ ဦးဝင်းနိုင်ဇော်၊ ဦးအောင်သူရဦး
အမှတ်(၅၂၄/၁၀)တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၄၄၂၃၊ ၇၀၅၆၅၇၊ ၀၉-၄၃၀၆၄၈၃၀၊ ၀၉-၄၂၀၅၆၉၁၁၊ ၀၉-၄၂၀ ၂၅၇၇၈၄
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်-၁၄-၉-၂၀၁၄ရက် ညနေ ၄း၀၀နာရီ


သွေးသည် အသက်





### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်းအကြောင်းကြားစာ
### အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃
### ဒက္ခိဏခရိုင်တရားရုံး
### ၂၀၁၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၆

ကွယ်လွန်သူ ဦးဘိုးကွန်[၁/ဗမန(နိုင်)၀၃၆၁၂၇]နှင့် ဒေါ်ခင်ကြည်[၁/ဗမန(နိုင်)၀၃၃၀၈၀]တို့ ကျန်ရှိရစ်သော မြန်မာ့စီးပွားရေးဘဏ်၊ ဗန်းမော်မြို့ ငွေစုဘဏ်စာရင်းအမှတ်-အက်စ်ကေ-၀၁၉၃၁၅ရှိ စုဆောင်းငွေ(ကျပ်-၂၆၅၈၉၁၁၃/၄၄) အကြောင်း
ဒေါ်ကြည်ကြည်ယဉ်[၁၄/ဝခမ(နိုင်)၁၆၅၅၅၆](ဘ)ဦးကြည်အိုင် လျှောက်ထားသူ
အမှတ်-၁၅၊ မင်္ဂလာဒီပရပ်၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်

အမှတ်-၁၅၊ မင်္ဂလာဒီပရပ်၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်နေ ဒေါ်ကြည်ကြည်ယဉ်က ကွယ်လွန်သူဦးဘိုးကွန်၊ ဒေါ်ခင်ကြည်တို့၏ညီမဝမ်းကွဲနှင့် ယောက်မဖြစ်သည်ဟူ၍ ဗန်းမော်မြို့ တန်းတဲအုပ်စု၊ ကန်တော်ရပ်နေ ဦးဘိုးကွန်၊ ဒေါ်ခင်ကြည်တို့ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူဦးဘိုးကွန်၊ ဒေါ်ခင်ကြည်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၄ရက်(၁၃၇၆ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ရက်)နံနက် ၁၀နာရီတွင်လာရောက်ကြရမည်။ ၎င်းနေ့တွင် လျှောက်သူဒေါ်ကြည်ကြည်ယဉ်၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
(ဌေးအောင်)
ခရိုင်တရားသူကြီး၊ ဒက္ခိဏခရိုင်တရားရုံး





မြန်မာ့ [illegible]

[illegible]



[illegible]

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KDDI ၊ Sumitomo တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် နည်းပညာခေတ်မီတိုးတက်လာကာ ဆက်သွယ်မှု အရည်အသွေးများမြင့်တက်လာ

[illegible]



[illegible]



# ICT နည်းပညာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မော်လမြိုင်၊ စက်တင်ဘာ ၂**

မော်လမြိုင်မြို့နယ် ပညာရေးဌာနနှင့် မွန်ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းတို့ပူးပေါင်းပြီး ICT နည်းပညာနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်က မော်လမြိုင်မြို့ အမှတ် (၉) အ. ထ. က ရှိ ဦးသာညွှန်း ဓမ္မာရုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ဆရာ၊ ဆရာမတွေ ICT နည်းပညာနဲ့ ရင်းနှီးကျွမ်းဝင်စေဖို့ e-government ကို အထောက်အကူပြုစေဖို့နဲ့ သုတေသနလုပ်ငန်းတွေကို လုပ်ဆောင်တဲ့အခါ အကျိုးဖြစ်ထွန်းစေဖို့ ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်"ဟု မွန်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်း အတွင်းရေးမှူး ဦးနေဇော်ဦးက ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည်နယ်တွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ထက်၊ လယ်၊ မူကျောင်းအုပ်များ၊ ကွန်ပျူတာနှင့်သက်ဆိုင်သော ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး သင်တန်းဆရာငါးဦးတို့က ပို့ချဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

# ရေနံချောင်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း

**ရေနံချောင်း၊ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လနောက်ဆုံးပတ်အထိ မိုးရွာသွန်းမှုနည်းခဲ့ရာ ယခုရက်ပိုင်းများတွင် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် တောင်သူအများစု လုပ်ငန်းများအဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ကုန်းအိုင်ကျေးရွာ တောင်သူတစ်ဦးက "စိုက်ပျိုးဖို့ မိုးမျှော်နေတဲ့တောင်သူများအတွက် ပဲစိုက်လို့ရပြီ။ မိုးလယ်သီးနှံတွေအတွက် ဝမ်းသာစရာပါပဲ" ဟု ပြောပြသည်။ "ကျွန်တော်တို့ ပဲစင်းငုံအတွက် မိုးလိုနေတာ၊ ဒီအချိန်မှာမိုးရွာတဲ့အတွက် ပဲစင်းငုံအပင်တွေ စိမ်းစိုလန်းဆန်းလာပြီး အောင်မြင်ဖြစ်ထွန်းလာတယ်။ မိုးဦးနှမ်းများရိတ်သိမ်းအပြီး၊ နုတ်သိမ်းပြီးနောက် မြေလွတ်မှာ ပဲတီစိမ်း၊ ပဲလွန်းများ စိုက်နေပြီ" ဟု တောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ် ကျေးရွာအုပ်စု ၂၉ စုတွင် ဩဂုတ် ၂၆ ရက်မှစ၍ ယနေ့အထိ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ယာမြေစိုက်တောင်သူများ ဝမ်းသာနေကြကြောင်း သိရသည်။

**ဆန်းညွှန့်(ရေနံချောင်း)**

# ဟသ်ာတတွင် လယ်သမား၊ အလုပ်သမားနှင့် လူငယ်ဖိုရမ် ကျင်းပ

**ဟသ်ာတ၊ စက်တင်ဘာ ၂**

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ဖိုရမ် ၂၀၁၄ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲက ဟသ်ာတမြို့ မြို့တော်ခန်းမကြီး ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသူများက မိမိတို့ ဒေသခံပြည်သူများ၏ အကျိုးအတွက် ပကတိအခြေအနေများနှင့် ထင်ဟပ်ဆွေးနွေးပြီး ဟသ်ာတမြို့နယ်အတွင်းမှ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လူငယ်များအကျိုး၊ အများပြည်သူအကျိုးများကို ဖော်ဆောင်ပေးနိုင်မည့် အရေးပါသည့် ဆုံးဖြတ်ချက်များ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်မည်ဟု ယုံကြည်မိကြောင်း၊ မိမိတို့ ရပ်ရွာအကျိုး၊ ဒေသအကျိုး သယ်ပိုးဆောင်ရွက်သွားရမှာ မိမိတို့အားလုံးတာဝန်သာ ဖြစ်ကြောင်း၊ မှန်ကန်သောမူဝါဒ၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ လက်တွေ့ကျသောလုပ်ငန်းများဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ကာ တောင်သူလယ်သမား၊ အလုပ်အမားများနှင့် အနာဂတ်လူငယ်များ၏အကျိုးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ဆက်လက်ပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု ၁၂၄ အုပ်စုတို့မှ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ဖိုရမ်ကိုယ်စားလှယ် ၃၇၂ ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ဝင်းဟန်(ဟသ်ာတ)**

# ပြင်ဦးလွင်တွင် စိုက်ပျိုးရေ စက်ရေတွင်းများတူးဖော်

**ပြင်ဦးလွင်၊ စက်တင်ဘာ ၂**



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၄ လက်မ စိုက်ပျိုးရေတွင်းပေါင်း ၃၃၃ တွင်း တူးဖော်ပေးရန် လျာထားခဲ့ရာ ဩဂုတ် ၇ ရက်မှစတင်၍ တူးဖော်မှုများ ဆောင်ရွက်ခဲ့ပြီး၊ ယခုအခါ စိုက်ပျိုးရေစက်ရေတွင်းပေါင်း ၈၀ ကျော် တူးဖော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင်အတွင်း အဆိုပါ စိုက်ပျိုးရေစက်ရေတွင်းများ တူးဖော်ရန် အတွက် ရွှေကုန်းဘောင်ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ကြောင်း၊ မတ္တရာမြို့နယ်တွင် စက်ရေတွင်းပေါင်း ၇၅ တွင်း တူးဖော်ရန်လျာထားရာ ငါးတွင်း တူးဖော်ပြီးဖြစ်ကြောင်း၊ စဉ့်ကူးမြို့နယ်တွင် တွင်းပေါင်း ၁၀၀ တွင်း တူးဖော်ရန်လျာထားရာ ၄၃ တွင်းတူးဖော်ပြီးကြောင်း၊ သပိတ်ကျင်းမြို့နယ်တွင် တွင်းပေါင်း ၉၀ တူးဖော်ရန်လျာထားရာ ၃၆ တွင်း တူးဖော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးတော်တော်ခေါင်တယ်။ မိုးသီးနှံမစိုက်လိုက်ရတဲ့ တောင်သူတောင်ရှိတယ်။ ကြံတောင်သူတွေလည်း စိုက်သာစိုက်ထားရတာ၊ မိုးမရှိတော့ အပင်က မတက်ဘူး။ ဒီနှစ် ကြံအထွက်နှုန်းကျဆင်းနိုင်တယ်။ ရေတွင်းတွေတူးပေးလို့ စက်ရေတွင်းကနေ ရေတင်ပြီး အခု စပါးစိုက်နေကြရတယ်။ စိုက်ပျိုးရေကတော့ တော်တော်ခက်ခဲပါတယ်။ အခု နိုင်ငံတော်အစိုးရအစီအစဉ်နဲ့ စိုက်ပျိုးရေတွင်းတွေ တူးဖော်ပေးတယ်။ ရေတွင်းတူးဆရာတွေက ရေထွက်ကောင်းတဲ့အထိ လုပ်ပေးမသွားတော့ စက်ရေတွင်းကနေ ရေတင်စိုက်ဖို့ အခက်အခဲဖြစ်နေတယ်။ ရေတွင်းတွေက ရေထွက်နှုန်းကောင်းမှ စိုက်ပျိုးရတာအဆင်ပြေမယ်။ ရေမထွက်တဲ့တွင်းတွေ ပြန်လုပ်ပေးဖို့ ကုမ္ပဏီနဲ့ လာရောက်စစ်ဆေးတဲ့ သက်ဆိုင်ရာဌာနတွေကို တင်ပြထားပါတယ်။ ကုမ္ပဏီကလည်း တောင်သူတွေ စိုက်ပျိုးရေအဆင်ပြေတဲ့အထိ ဆောင်ရွက်ပေးမယ်လို့ ပြောပါတယ်"ဟုညောင်အုပ်ကျေးရွာအုပ်စု၊နတ်ကြီးစင်ကျေးရွာမှတောင်သူ တစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့မှ မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင် ၄ လက်မ စိုက်ပျိုးရေစက်ရေတွင်းပေါင်း ၃၉၂၄ တွင်းကို တူးဖော်ပေးခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ မြို့နယ် ၁၈ မြို့နယ်တို့တွင် ရန်ပုံငွေမှ သုည ဒသမ ၆၆၄ ဘီလီယံ အကုန်အကျခံကာ စိုက်ပျိုးရေစက်ရေတွင်းပေါင်း-၁၈၆၃ တွင်းကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထန်ပီးလျန်**

# ဆိုင်ကယ်စီးနေစဉ် ထီးဖွင့်ဆောင်းရာမှ ပြုတ်ကျသေဆုံး

**ရန်ကုန် စက်တင်ဘာ ၂**

သန်လျင်မြို့နယ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကျောင်းရှေ့၌ ဆိုင်ကယ်ယာဉ်မောင်း ချစ်ကိုကို(၂၅)နှစ် တာ၀ကွက် သစ်နေသူ မောင်းနှင်လာသော ၄၂ယ/---- အစိမ်းရောင်ဆိုင်ကယ်သည် ဩဂုတ် ၂၉ ရက် ညနေ ၄နာရီ မိနစ် ၂၀ တွင် ကျောင်းရှေ့ကားမှတ်တိုင်အရောက် ၎င်းနောက်မှလိုက်ပါစီးနင်းသူ ဒေါ်အေးအေးမာ တာ၀ကွက်သစ် သန်လျင် မြို့နေသူမှာ မိုးရွာသဖြင့် ထီးဖွင့်ဆောင်းရာ ဆိုင်ကယ်ပေါ်မှပြုတ်ကျသဖြင့် ပြင်းထန်စွာ ဒဏ်ရာများရရှိပြီး သန်လျင်ဆေးရုံတွင် ဆေးကုသစဉ် သေဆုံးသွားကြောင်းသိရသည်။ **(သန်လျင်ဖြိုးမင်းလတ်)**

# အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**မန္တလေး၊ စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ Advanced Myanmar Star Co.,Ltd တို့ပူးပေါင်း၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အောင်မြေသာစံမြို့နယ်အတွင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက်က အမှတ် (၁၇) အထက ချမ်းမြေ့မန္တလာခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးကနိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၁ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၂၁၂၄ ဦးအား အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

**(ကြေးမုံ)**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၇၅၇)၊ မင်းစုလမ်း၊ အကျယ်အဝန်း ပေ(၄၅×၆၀) အကျယ်မှာ မူလပိုင်ရှင် ဦးမောင်ဘ အမည်ဖြင့်တည်ရှိသော နှစ် (၆၀)ဂရန်မြေကွက်၊ ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဇော်အောင် [၇/သဝတ(နိုင်)၀၀၈၅၇၃] (Ordinate World Construction Group)ထံမှ ကျွန်မ ဒေါ်ခင်ဖြူလင်း [၁၂/တပန(နိုင်)၀၁၁၁၈၂] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်သဖြင့် အကျိုးဆက်ခံပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်မ ဒေါ်ခင်ဖြူလင်းထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စများ ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဖြူလင်း [၁၂/တမန(နိုင်)၀၁၁၁၈၂]
အမှတ်(၉)၊ မြသီတာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၀၁၈၆၈၀

## အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ဇမ္ဗူသီရိမြို့နယ်၊ ဝက်စုကျေးရွာ(မြောက်ပိုင်း) နေ ဒေါ်နှင်းနှင်းအေး[၁၂/ဒလန(နိုင်)၀၇၁၃၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်နှင်းနှင်းအေးနှင့် ဒလမြို့နယ်၊ ဆာဖာချောင်ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်-၂၁၄နေ ဦးဇော်မင်းလင်း(ခ)ဇော်လင်း[၁၂/ဒလန (နိုင်)၀၃၆၇၈၅]တို့သည် လွန်ခဲ့သော ၂၈-၁-၁၉၉၈ရက်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာ သားသမီး(၃)ဦးထွန်းကားခဲ့ပြီး နောက်ပိုင်းတွင် ဦးဇော်မင်းလင်း(ခ)ဇော်လင်းသည် ကြီးလေးသော အိမ်ထောင်ရေးရက်စက်မှုများကို အကြိမ်ကြိမ်အခါအခါ ကျူးလွန်လျက်ရှိသဖြင့် တစ်ယောက်နှင့်တစ်ယောက် ခွဲခွာနေထိုင်ခဲ့သည်မှာ (၃)နှစ်ခန့်ရှိပြီးဖြစ်ပါသဖြင့် ၎င်းအား ခင်ပွန်းအဖြစ်မှ အသိအမှတ်မပြုတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လင်းလင်းဦး(LL.B), (D.I.L)၊ အထက်တန်းရှေ့နေ(စဉ်-၃၇၁၁၁)
ရုံးအမှတ်(၉/၁၁)၊ ၄-လွှာ(ယာ)၊ အခန်း(၃၀၆)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၂၀၇၃၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၂/သမိုင်း၊ မြေကွက်အမှတ် ၂/အ၉ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၆၆)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်မေတင်ထွဋ်(ခ)ဒေါ်ခင်မေ)အမည်ပေါက် ဘီလ/န ၃၉ မြေပိုင်မြေအား အမည်ပေါက်ထံမှအရောင်းအဝယ်စာချုပ်အမှတ် ၉၃၉/၈၃(၂၁-၁၁-၈၃)ဖြင့် ဒေါ်တင်တင်ဝင်း၊ ဦးရွှေတို့မှပိုင်ဆိုင်လာပါသည်။ ဒေါ်တင်တင်ဝင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်-၃၁၄၆/၂၀၁၂(၁၆-၇-၂၀၁၂) ဖြင့် ဦးရွှေမှ ပိုင်ဆိုင်လာပြီး ၎င်းမှ အပိုင်ပေးစာချုပ်အမှတ် ၃၀၂၂/၂၀၁၄(၁၁-၆-၂၀၁၄) ဖြင့်ဒေါ်စုစုလှိုင်[၁၂/အစန(နိုင်)၀၀၂၀၉၃]မှ ပိုင်ဆိုင်လာပြီး စာချုပ်အဆက်အစပ်များ တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးသန်းရွှေ[၁၂/လမန(နိုင်)၁၈၄၂၈၆]၊ အမှတ်(၇၂၇)၊ မင်းဘူးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူ၏ လွန်ခဲ့သော (၁၈)နှစ်ခန့်ကတည်းက ဝယ်ယူလက်ရှိ နေထိုင်သော အထက်ပါအိမ်မြေ၏ ဦးဝင်းနိုင်အမည်ပေါက် မြေချပါမစ်မူရင်းကို ဒေါ်ခင်မာကြူက ပေါင်နှံထားရာမှ ၂၁-၁-၂၀၁၄ ရက်၌ ရွေးပေးမည်ဟု အမှတ်(၉)ရပ်ကွက်ရုံးတွင် လက်မှတ်ထိုးကတိပြုခဲ့ပြီး ရှောင်တိမ်းနေကြောင်း သိရပါသည်။ သို့ပါ၍ ဦးဝင်းနိုင် အမည်ပါ မြေချပါမစ် လက်ခံထားသောသူရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက် ကျော်လွန် ပါက ကျွန်ုပ်မိတ်ဆွေမှ မြေချပါမစ်မိတ္တူမှန် ထုတ်ယူရေးဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်း(စဉ်-၂၂၀၁၉)(အထက်တန်းရှေ့နေ)
တိုက်-၂၊ အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ
(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉-၅၁၈၆၇၉၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆ဒီ (၁၄၊၁၅၊၁၆)၊ မြေကွက်အမှတ်-၂၁၁၊ ဧရိယာ(၄၉×၆၉)ပေ၊ မြေကွက်တည်နေရာအမှတ်(၅၄၃)၊ ၆-လမ်း(မြောက်)၊ အင်းစိန်၊ အစိုးရမြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးခင်လတ်[၁၂/အစန(နိုင်)၁၂၆၁၂၅]က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ ဌာနမှ မြေချပါမစ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁/ထူပါရုံ)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၄၈၈)၊ မြေကွက်လိပ်စာအမှတ်(၁၄၈၈)၊ ထူပါရုံ (၁၄)လမ်းဟု ခေါ်တွင်သော (ဦးသန်းမြင့်+ဒေါ်သိန်းသိန်း) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် စာချုပ်၏ အကျယ်အဝန်း ပေ(၂၀×၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသက်နိုင်[၁၂/သကတ(နိုင်)၀၈၀၃၅၈]နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စုစုမာ[၁၂/သကတ(နိုင်)၀၈၀၃၀၆]တို့က တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (ခုနစ်ရက်)အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းခိုင် LL.B၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)
အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၅၉၃၉

# အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆွေးနွေး

**ညောင်ရွှေ၊ စက်တင်ဘာ ၂**

အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများ ပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က အင်းလေးဒေသ ကေလာကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ လျှော့ချသုံးစွဲရေး၊ သဘာဝပစ္စည်းအသုံးပြု စိုက်ခင်းများ ထူထောင်ရေးတို့ကိုဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံတို့က သဘာဝမြေဩဇာပြုလုပ်နည်းများ၊ မျိုးစေ့ဆိုင်ရာအချက်အလက်များ၊ သဘာဝပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနည်းတို့ကို ရှင်းလင်းပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတိုးဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူများသို့ တီဆေးရည်ပုံး ၄၀၊ သဘာဝပစ္စည်းအသုံးပြု ကျွန်းမျှောခရမ်းချဉ်စိုက်ခင်းများတွင်အသုံးပြုရန်အတွက် တမာကြိတ်ဖတ်၊ လင်းနို့ချေး၊ တမာဆီ၊ အီးအမ်-၅ နှင့် တီဆေးရည်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်အတွင်းရှိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/ ၂၀၁၄) ဆင်းပွဲအခမ်းအနားကျင်းပ

**မိတ္ထီလာ၊ စက်တင်ဘာ ၂**

မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/၂၀၁၄ ) ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် ညနေ ၄ နာရီက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်၍ မိတ္ထီလာခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေ၊ ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့က ပေးအပ်ခဲ့သည်။

၎င်းနောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/၂၀၁၄ ) သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း တာဝန်ရှိသူများမှ ပေးအပ်ခဲ့သည်။

အဆိုပါ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/၂၀၁၄) ကို ဩဂုတ် ၂၉ ရက်မှ ဩဂုတ် ၃၁ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ စုစုပေါင်း ၇၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြို့နယ်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်

**မြစ်ကြီးနား၊ စက်တင်ဘာ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့ အ. ထ. ကကျောင်းတွင် လာရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်၊ ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်နှင့် မြို့နယ်သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်၍ ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီတွင် အင်ဂျန်းယန်မြို့နယ် ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာပြည်သူများ ပူးပေါင်းကာ အင်ဂျန်းယန်မြို့အဝင်နှင့် အင်လောက်ယန်ကျေးရွာကြား လမ်းဘေးဝဲယာ သစ်ပင်နှင့် ချုံနွယ်ပိတ်ပေါင်းများကို စုပေါင်းခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ဘုတ်ပြင်း၊ စက်တင်ဘာ ၂**

